# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday 12 March 2018 ၉၂၂၆


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

**အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)၌ လစဉ် ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်သွားမည်**

စာမျက်နှာ - ၅

**အမြင်မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအဖြစ် နက္ခတ်ဗေဒင်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ**

စာမျက်နှာ - ၈

**မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် လမ်းလျှောက်သကြံန် ကျင်းပမည်**

စာမျက်နှာ - ၉

**ပလက်ဝ-ဆမီး ခရီးသည်သီးသန့် ယာဉ်လိုင်းသစ် ပြေးဆွဲ**

စာမျက်နှာ - ၁၁

# မြောက်ယမားရေလှောင်တမံ မူလမြောင်းမကြီး ပြန်လည်ပြုပြင်လျက်ရှိ စီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးရေ ပေးဝေနိုင်မည်



မြောက်ယမားရေလှောင်တမံ မူလမြောင်းမကြီးအား စက်ယန္တရား၊ လုပ်သားအင်အားများဖြင့် လုပ်ဆောင်လျက်ရှိစဉ်။

**ပုလဲ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားရေလှောင်တမံ မူလမြောင်းမကြီး ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(ADSP)ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မြောက်ယမားရေလှောင်တမံ မူလမြောင်းမကြီးသည် အရှည်ပေ ၈၄၀၀၀ ရှိပြီး တူးမြောင်းပုံစံတကျပြုပြင်ခြင်း အရှည်ပေ ၈၄၀၀၀ ကို လည်းကောင်း၊ တူးမြောင်းမျက်နှာပြင်စီခြင်းလုပ်ငန်း အရှည်ပေ ၁၈၆၀၀ ကိုလည်းကောင်း စီမံကိန်း ပထမနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ရာ စီမံကိန်းပထမနှစ်အတွက် လုပ်ငန်းများကို ဇန်နဝါရီလဆန်းပိုင်းမှ စတင်လုပ်ဆောင်လျက်ရှိရာ ယခုအခါတွင် စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# ချင်းတွင်းမြစ်ဝှမ်း ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှု သုတေသနလုပ်ငန်းများ ဧပြီ ၁ ရက်မှ စတင်လုပ်ဆောင်မည်

**မုံရွာ မတ် ၁၁**

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်သုံးခုတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှု လုပ်ငန်းများကို ဧပြီ ၁ ရက်မှ မေလအထိ ကွင်းဆင်း သုတေသနပြုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့ဝန်းကျင်သိပ္ပံ(MEI)၏ ဒါရိုက်တာ ဒေါ်ခင်ဥမ္မာထွေး၏ ပြောကြားချက်အရ သိရသည်။

"ဇီဝမျိုးစုံမျိုးကွဲများကို အဓိက ထိန်းသိမ်းသင့်တဲ့နေရာ သုံးခုရွေးချယ်ထားပါတယ်၊ ခန္တီးမြို့နယ်၊ ကလေးဝမြို့နယ်နဲ့ ချောင်းဦးမြို့နယ်တို့မှာ နေရာ ၁၅ ခု ရွေးချယ်ပြီး သုတေသနပြုလုပ်ငန်းတွေ လုပ်ဆောင်မှာပါ၊ သုတေသနလုပ်ဆောင်မယ့်နေရာတွေမှာ ဇီဝမျိုးကွဲများနှင့် ရေ၊ မြေ သက်ရှိများရဲ့ တန်ဖိုးကို စောင့်ကြည့်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆက်စပ်ခြင်းကို လေ့လာသုံးသပ်ခြင်းနှင့် ဒေသတွင်းရှိ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း ပြဿနာများကို လေ့လာဆန်းစစ်သွားမှာပါ၊ ဥပမာအနေနဲ့ ခန္တီး၊ ကလေးဝမြို့နယ် မဟာမြိုင်နဲ့ ချောင်းဦးမြို့နယ် ပေါက်အင်းတို့ကို ရွေးချယ်ထားပါတယ်၊ အဲဒီမှာ တွေ့ရှိချက်တွေကိုလည်း ဒေသမှာရှိတဲ့ အသက်မွေးဝမ်းကျောင်းတွေကို စာမျက်နှာ ၃ ကော်လံ ၃ သို့ ✳


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကြေးမုံ

## ကျန်းမာရေးမညီမျှမှုနှင့် မြင့်မားကြံ့ခိုင်

စီးပွားရေးမဖွံ့ဖြိုးမှု၊ လူမှုဘဝနိမ့်ကျမှု၊ ရောဂါဘယထူပြောမှုတို့သည် နိုင်ငံသားများ၏ ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေပြီး လူ့မျှော်မှန်းသက်တမ်းလည်း ကျဆင်းစေသည်ဟု ကမ္ဘာ့နိုင်ငံများအပေါ် လေ့လာဆန်းစစ်ချက်များအရ သိသာစေပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုနည်းသေးသော နိုင်ငံဖြစ်သော်လည်း နိုင်ငံသားများ၏ ကျန်းမာရေး ချို့ယွင်းမှု၊ လူ့မျှော်မှန်းသက်တမ်းကျဆင်းမှု နည်းပါးသည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံသားများသည် "မြန်မာ" ဟူသော အမည်သတ်မှတ်ချက်နှင့်အညီ မြန်သော၊ မာသော လူမျိုးများဖြစ်သည်ဟု ဆိုရလောက်အောင် ကျန်းမာသည်ဟုဆိုနိုင်သော ခံနိုင်ရည်၊ ကိုယ်ခံအားကောင်းသည့် လူမျိုးများဟု ဆိုရမလိုဖြစ်သည်။ တိုင်းတစ်ပါးသားများက အစားအစာတို့အပေါ်တွင် သန့်ရှင်းမှု၊ အာဟာရပြည့်ဝမှု၊ အရည်အသွေးကောင်းမှုစသည်ဖြင့် စုံလင်အောင် ရွေးချယ်တတ်ကြသောကြောင့် ကျန်းမာသန်စွမ်းသူများဟု ဆိုချင်ဆိုနိုင်သည်။ မြန်မာနိုင်ငံသားများမှာမူ အစားအစာတို့အပေါ်တွင် အူမချေးခါး ချေးမများဘဲ ဖြစ်သလိုစား၊ တန်သင့်ရုံစားသောက်တတ်ကြသော်လည်း ကိုယ်ခံကျန်းမာရေးနှင့် လူ့မျှော်မှန်းသက်တမ်း မကျဆင်းသည်မှာ မြန်မာဟူသော အမည်နှင့် လိုက်ဖက်လျော်ညီပါသည်။

လက်ရှိကာလတွင် ပြည်သူများ လူမှုဘဝအတွက် လိုအပ်မည့် ဖွံ့ဖြိုးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသလို လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် ကျေးလက်၊ မြို့ပြ မခွဲခြားဘဲ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုမှာ ယခင်ကထက်စာလျှင် မြင့်မားလာသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ကျေးလက်ဒေသများအနေဖြင့် မြို့ပြဒေသများနှင့် နှိုင်းစာလျှင် ဖွံ့ဖြိုးတိုးတက်မှု အလှမ်းကွာနေသေးသည်ကို ဝန်ခံရမည်ဖြစ်သည်။ သို့ရာတွင် အချို့ကိစ္စရပ်များ၌ ကျေးလက်ဒေသများအား ဦးစားပေးဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ကျန်းမာရေးကဏ္ဍတွင် ကျေးလက်များထက် မြို့ပြများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။ လိုအပ်နေသော ကျေးလက်ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက မိခင်နှင့် ကလေးကျန်းမာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့က စတင်ထုတ်ဝေဖြန့်ချိခဲ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သည့် "ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသည့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေး အစီအစဉ်"၏ ထောက်ပံ့မှုအဖြစ် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျပြီး ထောက်ပံ့ပေးဖို့ လိုအပ်နေသော ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂဒေသများတွင် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

ကျေးလက်ဒေသများတွင် နှစ်နှစ်အောက် ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အရေးကြီးသည်ကို နားလည်သိရှိခြင်း မရှိကြသေးချေ။ နှစ်နှစ်အောက် ကလေးများအတွက် ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုမှာ အလွန်အရေးကြီးပြီး ထိုအရွယ်ကလေးများ အာဟာရပြည့်ဝမှသာ ၎င်းကလေးငယ်၏ ဘဝတစ်လျှောက်လုံး ဉာဏ်ရည်ပြည့်ဝမည်ကို မိခင်များအားလုံး သိရှိနားလည်စေရေး ကျန်းမာရေးအသိပညာပေးရန် လိုအပ်ပေသည်။ ယခင်က ကလေးအာဟာရပြည့်ဝရေး အစီအစဉ်ကို လုပ်ဆောင်ခဲ့ကြဖူးသည်။ ကလေးအာဟာရပြည့်ဝစေမည့် ဗီတာမင်ဆေး တိုက်ကျွေးခြင်းဖြစ်သည်။ ထိုအစီအစဉ်သည် နိုင်ငံ့အနာဂတ်အတွက် အထူးအရေးကြီးသဖြင့် ကျန်းမာရေးဌာနသာမက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကဲ့သို့ အသင်းအဖွဲ့များက အချိန်အခါအလိုက် ပုံမှန်တိုက်ကျွေးကြဖို့ လိုအပ်ပေသည်။

လက်ရှိကာလတွင် မြန်မာအမျိုးသားတို့၏ မျှော်မှန်းသက်တမ်းမှာ ၆၀ ဒသမ ၂ နှစ်ဖြစ်ပြီး မြန်မာအမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းမှာ ၆၉ ဒသမ ၃ နှစ်ဖြစ်သောကြောင့် အမျိုးသားများထက် အမျိုးသမီးများမှာ ကျန်းမာရေး ပိုမိုကောင်းမွန်သည်ကို တွေ့ရသည်။ မြန်မာတို့အတွက် ကျန်းမာရေးကောင်းမွန်သော အစီအမံများကို ပိုမိုဖော်ဆောင်ပေးခြင်းဖြင့် လူ့မျှော်မှန်းသက်တမ်း ပိုမိုတိုးတက်လာရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏အနာဂတ် ပိုမိုကောင်းမွန်ရေးအတွက် ကလေးသူငယ်များအတွက် ကျန်းမာရေးအစီအမံများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

## ဒီးမော့ဆိုမြို့နယ်တွင် ကလေးသူငယ်များအတွက် ပျော်ပွဲဆင်နွှဲမွေးနေ့စုံညီပွဲ ကျင်းပ

**ဒီးမော့ဆို မတ် ၁၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် စီမံကိန်းကျေးရွာ ၃၁ ရွာမှ ကလေးသူငယ်များအတွက် World Vision က ပျော်ပွဲဆင်နွှဲမွေးနေ့စုံညီပွဲကျင်းပခြင်းကို ယနေ့နံနက် ၉ နာရီတွင် ဒေါ်ခလိုက်လင်းကျေးရွာခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ကလေးသူငယ် အခွင့်အရေးကော်မတီဝင်များ၊ ကလေးဖွံ့ဖြိုးရေး အခြေအနေ စောင့်ကြည့်သူများ၊ စီမံကိန်းကျေးရွာမှ ကလေးသူငယ်များ၊ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။



ရှေးဦးစွာ ဒီးမော့ဆိုမြို့နယ် World Vision မှ ဒေသဖွံ့ဖြိုးရေးစီမံချက် မန်နေဂျာ ဒေါ်နော်ကပေ့ါမူးဖော့က ကလေးသူငယ်များအတွက် ပျော်ပွဲဆင်နွှဲ မွေးနေ့စုံညီပွဲ ကျင်းပခြင်းဖြင့် ကလေးများ၏ မွေးဖွားခြင်းကို အသိအမှတ်ပြုခြင်း၊ ကလေးများကို တန်ဖိုးထားပြီး အခွင့်အရေးများ သိရှိနားလည်စေရန် ရည်ရွယ်၍ ကျင်းပခြင်းအပြင် မိမိလူမျိုး၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များသာမက ငြိမ်းချမ်းရေးကိုပါ တန်ဖိုးထားတတ်စေရန်အတွက် ရိုးရာအကပြိုင်ပွဲနှင့် ငြိမ်းချမ်းရေး အသိအမြင်ရရှိစေရန် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဆိုတော် စောဖိုးခွားက ကလေးသူငယ်များအတွက် စကားလက်ဆောင်ပြောကြားပြီး ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် ဆုရရှိသော ဒေါတဒါး၊ ဆီလီဒုန်း၊ မားနာပလော့နှင့် ဒေါ်ဘိုးစီကျေးရွာမှ ကလေးသူငယ်များအား မြို့နယ်ကလေးသူငယ်အခွင့်အရေးကော်မတီဝင်များက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကလေးသူငယ်များက ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဆက်လက် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဦးပိန်တံတားပေါ်ရှိ ဇရပ်အမှတ်(၃)တွင် ပန်းဆွဲ၊ ပန်းတောင်းများတပ်ဆင်နိုင်ရန် ခွင့်ပြုချက်တောင်းခံထား

**မန္တလေး မတ် ၁၁**

ဦးပိန်တံတားပေါ်ရှိ ပြန်လည်ပြုပြင်ထားသည့် ဇရပ်အမှတ်(၃)တွင် ရှေးယခင်ပုံစံအတိုင်း ပန်းဆွဲနှင့် ပန်းတောင်းများ ပြန်လည်တပ်ဆင်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)သို့ ခွင့်ပြုချက်တောင်းခံထားကြောင်း တောင်မင်းကြီးဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောကြားသည်။

အဆိုပါ ဇရပ်အမှတ်(၃)သည် ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်နေသဖြင့် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ဇန်နဝါရီလမှစ၍ ပြုပြင်ခဲ့ရာ ယခု မတ်လဆန်းတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

"ဒီဇရပ်ကို ပြန်လည်ပြုပြင်ဖို့ တွက်ချက်တဲ့အခါမှာ ခန့်မှန်းကုန်ကျငွေ သိန်း ၉၀ ကို အလှူရှင်တွေက လှူဒါန်းခဲ့ပေမယ့် တကယ်ကုန်ကျတာက သိန်း ၇၀ ကျော်ပဲရှိတယ်။ ဒီဇရပ်မှာ အရင်ကတည်းကရှိပြီးသားဖြစ်တဲ့ ပန်းဆွဲတွေ၊ ပန်းတောင်းတွေကို ပြန်လည်ထည့်သွင်းချင်တယ်ဆိုတဲ့ အလှူရှင်တွေရဲ့ဆန္ဒကြောင့် ကျွန်တော်တို့ ဂေါပကအဖွဲ့က ရှေးဟောင်းဌာနကို ခွင့်ပြုချက်တောင်းခံထားပါတယ်။ ခွင့်ပြုရင်တော့ ဇရပ်ပြုပြင်ဖို့လှူဒါန်းထားတဲ့ လက်ကျန်ငွေကနေ သုံးစွဲသွားမှာပါ"ဟု ၎င်းက ပြောသည်။

ယခုပြုပြင်ထားသည့် ဇရပ်အမှတ်(၃)ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ အင်ဂျင်နီယာများဖြင့် ပြုပြင်ခြင်းဖြစ်ပြီး ပန်းဆွဲနှင့် ပန်းတောင်းများ တပ်ဆင်ရန် မြန်မာမှုဗိသုကာ အင်ဂျင်နီယာများဖြင့် ဆွေးနွေးတိုင်ပင်လျက်ရှိကြောင်း ဦးသန်းမြင့်က ပြောသည်။

ထို့ပြင် ဇရပ်အမှတ်(၃)အရှေ့ဘက်ရှိ ဦးပိန်တံတားတိုင်များအနက် တံတားကြီးအား တိုင်နှစ်လုံးပူးတွဲ၍ ထောက်ကန်ထားသော တိုင်များကို အမြင်တင့်တယ်စေရန် တိုင်တစ်လုံးတည်းဖြင့် ကြံ့ခိုင်မှုရှိအောင် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**အိမ်မဲ မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့မကျန်းမာရေးဌာနမှ ဝန်ထမ်းများသည် မတ် ၆ ရက် နံနက်ပိုင်းက ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်မှုတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့မကျန်းမာရေးဌာနမှ ဝန်ထမ်းများသည် ထန်းတစ်ပင်ကျေးရွာမှ ကျေးလက်နေပြည်သူများအား ကျေးရွာအရောက် Mobile Clinic ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးခြင်း၊ အရေပြားရောဂါရှာဖွေခြင်း၊ တီဘီရောဂါသံသယရှိသူများအား သလိပ်ပိုးစစ်ဆေးပေးခြင်း၊ ဆီးချိုရောဂါအတွက် သွေးဖောက်စစ်ပေးခြင်း၊ ၄က်ဖျားသံသယလူနာများအား သွေးဖောက်စစ်ပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါများကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းအစရှိသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ထန်းတပင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၌ သက်ငယ်မုဒိမ်းနှင့် မှုခင်းကျဆင်းရေးဟောပြော

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ကျော်ဝင်းက သက်ငယ်မုဒိမ်းနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောဆွေးနွေးရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိ ရပ်ဖများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသူလေးများ၊ အလုပ်သမများအပါအဝင် စုစုပေါင်း ၃၁၅ ဦး တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေးက အမှိုက်သရိုက်များ စွန့်ပစ်ခြင်းနှင့် ယင်လုံအိမ်သာများ ရာနှုန်းပြည့်သုံးစွဲရေးကိုလည်းကောင်း မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူး ဦးထက်ခိုင်ကျော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကိုလည်းကောင်း ဟောပြောဆွေးနွေးသည်။

အလားတူ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်က မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက်ရှိ သာသနာ့ဝေယျာဝစ္စမွှာရုံ၌ ယမန်နေ့ည ၇ နာရီခွဲက သက်ငယ်မုဒိမ်းပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောဆွေးနွေးရာ ပြည်သူ ၈၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇာနည်မောင်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

# နှစ် ၆၀ မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်အကြောင်း စာပေစကားဝိုင်း ကျင်းပ






**နေပြည်တော် မတ် ၁၁**

ပျဉ်းမနားမြို့ လူထုအခြေပြုဗဟိုဌာန(Community Centre)၌ ဖွဲ့စည်းထားသည့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)၏ စာပေစကားဝိုင်းကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

စာပေစကားဝိုင်း၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါဌာနတွင် ပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရန်အတွက် စာကြည့်တိုက်များ ဖွင့်လှစ်ထားပြီး တစ်ချိန်တည်းတွင် အများပြည်သူ၏ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ Community Centre များအဖြစ် ဖော်ဆောင်လျက်ရှိပါကြောင်း။

Community Centre အား အများပြည်သူ အသုံးချနိုင်သည့်နေရာဖြစ်စေရန် ရှေးဦးစွာ ပြည်သူများပါဝင်သည့် ဝါသနာရှင်အသင်းအဖွဲ့များကို ဖွဲ့စည်းပါကြောင်း၊ Book Club များကို စာအုပ်စာပေချစ်မြတ်နိုးသူများဖြင့် ဖွဲ့စည်းပြီး ယခုကဲ့သို့ စာပေစကားဝိုင်းများ ဆောင်ရွက်ပါကြောင်း၊ ထို့အပြင် ပြည်သူ့စကားဝိုင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူ့စကားဝိုင်းများ ဆောင်ရွက်ရာတွင် အများပြည်သူနှင့်ပတ်သက်သည့် အကြောင်းအရာများကို အဓိကဆွေးနွေးကြပါကြောင်း၊ ဥပမာအားဖြင့် လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာများ၊ တောင်သူများအတွက် စိုက်ပျိုးရေးကဏ္ဍ အစရှိသဖြင့် ခေါင်းစဉ်များဖြင့် ဆွေးနွေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ စာပေစကားဝိုင်းများသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပါကြောင်း။

ယနေ့ စကားဝိုင်းတွင် ဆွေးနွေးမည့် နှစ် ၆၀ မြန်မာ-ဂျပန် သံတမန်ဘဝခရီးစာအုပ်သည် သံတမန်အတွေ့အကြုံ၊ မြန်မာ-ဂျပန် ဆက်ဆံရေး၊ ဂျပန်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အစရှိသဖြင့် အားလုံးပါဝင်က လေ့လာသင့်သည့် အကြောင်းအရာများစွာကို တင်ပြထားပါကြောင်း ပြောကြားသည်။

ထို့နောက် စာပေစကားဝိုင်းအစီအစဉ်တွင် ဆွေးနွေးမည့် နှစ် ၆၀ မြန်မာ-ဂျပန် သံတမန်ဘဝခရီးစာအုပ်ရေးသားသူ စာရေးဆရာ ခင်မောင်တင်(မဟာဝိဇ္ဇာ)၏ ကိုယ်ရေးအကျဉ်းကို အခမ်းအနားမှူးက မိတ်ဆက်ဖတ်ကြားသည်။

ယင်းနောက် နှစ် ၆၀ မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်နှင့်စပ်လျဉ်း၍ စာအုပ်ရေးသားသူ ခင်မောင်တင်(မဟာဝိဇ္ဇာ)၊ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဒေါ်လဲ့လဲ့မေ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ အတွင်းရေးမှူး ဦးထွန်းထွန်းစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်ငြိမ်းအေး၊ ဦးမျိုးသူစိုး၊ ဦးစိုးသီဟသိန်း၊ ဒေါ်ကြည်ဖုန်းဝင်း၊ ဒေါ်ခင်ဆွေယု၊ ဒေါ်အေးအေးလဲ့နှင့် ဒေါ်သန်းသန်းရွှေတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

နှစ် ၆၀ မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်တွင် အခန်းခေါင်းစီးပေါင်း ၅၇ ခု ပါဝင်ပြီး ဂျပန်နိုင်ငံ၏ သမိုင်းကြောင်းနှင့် ဂျပန်နိုင်ငံ၏ ဘက်စုံအခြေအနေ ညွှန်းကိန်းများ၊ ဂျပန်နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး စသည့် ဂျပန်နိုင်ငံ၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ဒေသန္တရသာယာလှပပုံများ၊ ဂျပန်နိုင်ငံ၏ ထူးခြားသော လေကြောင်းသွားလာရေးစနစ်များ၊ ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပုံ၊ ဧကရာဇ်မင်းမိသားစုမှ ဒိုင်းယက်လွှတ်တော်၏ စနစ်များ၊ စက်မှုနှင့် ဘဏ္ဍာရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားပေးစနစ်၊ မီဒီယာများအကြောင်း၊ ဂျပန်အာဏာရအစိုးရနှင့် အတိုက်အခံများ၏ အခြေအနေတို့ကို မှတ်တမ်းပြု တင်ပြထားသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် တိုးတက်ပြောင်းလဲမှုများကို ဂျပန်နိုင်ငံနှင့် ပြည်သူများက အားတက်သရော ထောက်ခံအားပေးကြပုံ၊ မြန်မာနိုင်ငံအပေါ် ဂျပန်အစိုးရ၏ သဘောထားပျော့ပျောင်းစွာ ဆက်ဆံပုံ၊ ကြွေးမြီများ လျှော်ပစ်ခံပြီး ချေးငွေများစွာရရှိအောင် ဆောင်ရွက်ခဲ့ပုံများကိုလည်း သံတမန်ဆက်ဆံရေးကောင်းမွန်သည့် အနေအထားအဖြစ် တင်ပြသည်။ **သတင်းစဉ်**

# ဒလမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အားကစားလှုပ်ရှားမှုများ ပြုလုပ်နိုင်



**ဒလ မတ် ၁၁**

နွေရာသီကျောင်းပိတ်ရက်(စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့် ရုံးဖွင့်ရက် ညနေပိုင်း အချိန်များ)တွင် မြို့နယ်အတွင်းရှိ ဒေသခံ လူငယ်၊ လူကြီးများနှင့် ကလေးငယ်များ ကိုယ်လက်လှုပ်ရှားအားကစားနည်းများ လုပ်ဆောင်နိုင်စေရန်၊ မြန်မာ့ရိုးရာအားကစားနည်းများ မကွယ်ပျောက်စေရန်နှင့် ကျန်းမာရေး အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ပြည်သူ့စာကြည့်တိုက်၌ သုတ၊ ရသစာပေများ လေ့လာဖတ်ရှုနိုင်သလို၊ ရုံးဝင်းအတွင်း လူကြီး၊ လူငယ် ခြင်းလုံးကွင်း၊ ကလေးငယ်များ ဆော့ကစားနိုင်စေရန် အားကစားကွင်းတို့ကို ပြုလုပ်ပေးထားပြီးဖြစ်၍ ဒေသခံပြည်သူများ လာရောက်အားကစားလှုပ်ရှားများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ခုလိုမျိုး အားကစားကွင်းလုပ်ပေးရတာက ကျန်းမာရေးရှုထောင့်ကကြည့်ရင်လည်း အလွန်ကောင်းပါတယ်၊ ကလေးငယ်တွေကို ပျော်ရွှင်စေမှာပါ၊ လူငယ်အများစုက ဖုန်းနဲ့ အချိန်တွေကုန်နေရတယ်၊ ဒါကို တစ်ဖက်ကနေဖြေလျှော့ပေးဖို့ဆိုရင် ကျန်းမာရေးနဲ့လည်းညီမယ်၊ ကလေးငယ်တွေ စိတ်ဝင်စားလာမယ့်အရာတွေကို ဖန်တီးပေးနိုင်ဖို့ လိုအပ်ပါတယ်၊ အားကစားဘက်မှာ ဝါသနာပါတဲ့ လူငယ်ရွက်ပုန်းသီးလေးတွေလည်း လာရောက်ကစားနိုင်ပါတယ်၊ ဖိတ်ခေါ်ပါတယ်၊ အခုလို ရုံးတွင်းမှာ ကျယ်တဲ့မြေနေရာတွေပေါ်မှာ ခြင်းလုံးခတ်ခြင်း၊ ပိုက်ကျော်ခြင်းနဲ့ ကလေး ကြက်တောင်ရိုက်ကွင်းလေးတွေကို လုပ်ပေးခြင်းဖြစ်ပါတယ်"ဟု မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်မေရီစိုးက ပြောသည်။

**နိုင်လင်းကျော်(ဒလ)**

**❖ မြောက်ယမားမှ**

၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြီးလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုအချိန်မှာ ဆည်မြောင်းနဲ့ ရေအသုံးချရေးဦးစီးဌာနမှ ဝန်ထမ်းတွေက စက်ယန္တရားအင်အား၊ လုပ်သားအင်အားအသုံးပြုပြီး နေ့ရောညပါ လုပ်ဆောင်နေပါတယ်၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(ASDP)ပြီးစီးရင်တော့ ရေသောက်ဧရိယာအတွင်းရှိတဲ့ လယ်မြေဧရိယာတွေ ရေမလုံလောက်လို့ မစိုက်ပျိုးနိုင်ခြင်း၊ မိုးရွာ၍ ရေနစ်မြုပ်မှုတွေကင်းဝေးပြီး လမ်းပန်းဆက်သွယ်ရေးတွေလည်း တိုးတက်ကောင်းမွန်လာမှာပါ၊ စီမံကိန်းတစ်ခုလုံးကို ကမ္ဘာ့ဘဏ်ချေးငွေကျပ်သန်း ၆၄၀၀ နဲ့ သုံးနှစ်ကြာလုပ်ဆောင်သွားမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြောက်ယမားရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်း ယခုအခါတွင် မိုးစပါး ဧက ၅၉၀၀ နှင့် နွေသီးနှံ မျိုးစုံဧက ၃၀၀၀ ခန့်သာ စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိရာ ယခုလုပ်ဆောင်လျက်ရှိသော စီမံကိန်းပြီးစီးပါက မူလမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ စိုက်ပျိုးဧရိယာဧက ၁၀၀၈၀ ကို စိုက်ပျိုးရေ အပြည့်အဝဖြန့်ဝေပေးနိုင်မည်ဖြစ်သည့်အပြင် ဆည်ရေသောက်ဧရိယာပြင်ပရှိ လည်ငေါက်ကျေးရွာ အဆင့်မြင့်လယ်ယာ ဧက ၁၀၀ ပါ တိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

**✻ ချင်းတွင်းမြစ်မှ**

ဘယ်လိုအခြားနည်းသုံးပြီး လုပ်ချင်သလဲဆိုတာ မျိုးတွေပါ၊ ခန္တီးမြို့မှာ ခြောက်ရွာရွေးချယ်ထားပါတယ်၊ မြို့ပေါ်ရပ်ကွက်တစ်ခု၊ ဆင်သေရွာ၊ စိန်နန်း၊ မိုင်းနောင်၊ နန်းဖာကျေးရွာနဲ့ နွားနောက်ကျေးရွာတို့ကို ရွေးချယ်ထားပါတယ်၊ ဧပြီလ(၁)ရက်နေ့မှာ စတင်ပါမယ်၊ ဇီဝမျိုးစုံမျိုးကွဲနဲ့ ဒေသမှာရှိတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကဲဖြတ်ခြင်းကို လုပ်ပါတယ်(ချင်းတွင်းမြစ်အထက်ပိုင်း)၊ မဟာမြိုင်ကို(ချင်းတွင်းမြစ်အလယ်ပိုင်း) ကလေးဝဘက်မှာ လုပ်ပါမယ်၊ မဟာမြိုင်က ဇီဝမျိုးစုံရှိတဲ့အတွက်ပါ၊ အဲဒီမှာ ချင်းတွင်းနဲ့ဆက်စပ်နေပြီး မှီခိုနေတဲ့သူတွေကိုလုပ်မှာပါ၊ အောင်ချမ်းသာ၊ သက္ကယ်ကျင်းနဲ့ ဆင်မကျေးရွာစတဲ့ ကျေးရွာ သုံးရွာမှာ လုပ်မှာပါ၊ ချင်းတွင်းမြစ်အောက်ပိုင်းဖြစ်တဲ့ ချောင်းဦးမြို့နယ်အတွင်းက ပေါက်အင်းဒေသမှာတော့ ပေါက်အင်းရွာ၊ တောကျောင်းကြီး၊ သုံးပန်လှ၊ တောင်ဖီလာနဲ့ ကျန်တဲ့ကျေးရွာနှစ်ရွာ စုစုပေါင်း ကျေးရွာ ခြောက်ရွာကို ရွေးချယ်ထားပါတယ်၊ အဲဒီကလေ့လာဆန်းစစ်လို့ တွေ့ရှိချက်တွေကိုလည်း အများပြည်သူတွေ သိရှိနိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေတစ်ဆင့် ထုတ်ပြန်ပေးသွားမှာပါ"ဟု မြန်မာ့ဝန်းကျင်သိပ္ပံ(MEI)၏ ဒါရိုက်တာ ဒေါ်ခင်ဥမ္မာထွေးက ပြောသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှု လုပ်ငန်းများအဖြစ် ချင်းတွင်းမြစ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဧပြီလ(၁)ရက်တွင် လည်းကောင်း၊ ကလေးဝမြို့နယ်အတွင်းရှိ မဟာမြိုင် တောအတွင်းရှိ ကုန်းနေ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မေလ ပထမပတ်အတွင်းနှင့် ချောင်းဦးမြို့နယ် ပေါက်အင်းရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် စိမ့်မြေဂေဟစနစ်ဝန်ဆောင်မှုလုပ်ငန်းများကို မေလတတိယပတ်အတွင်း ကွင်းဆင်းသုတေသနပြုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းထွန်း**

# ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၁၄ ရပ် အိန္ဒိယနှင့် ပြင်သစ် လက်မှတ်ရေးထိုး

**နယူးဒေလီ မတ် ၁၁**

အိန္ဒိယနှင့်ပြင်သစ်နိုင်ငံတို့သည် ကာကွယ်ရေး၊ နျူကလီးယားစွမ်းအင်၊ လျှို့ဝှက်သတင်းအချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ အိန္ဒိယနှင့် ပစိဖိတ်ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ အပါအဝင် သဘောတူညီချက် ၁၄ ရပ်ကို မတ် ၁၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသော ပြင်သစ်သမ္မတ အီမင်နျူယယ်မေခရွန်နှင့် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီတို့ ဆွေးနွေးခဲ့ကြပြီးနောက် သဘောတူညီချက်များကို နှစ်နိုင်ငံ တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြသည်။

အကြမ်းဖက်မှုပုံစံ အမျိုးမျိုး၊ နယ်စပ်ဖြတ်ကျော်အကြမ်းဖက်တိုက်ခိုက်မှု၊ နှစ်နိုင်ငံစလုံးတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ပြင်သစ်နှင့် အိန္ဒိယခေါင်းဆောင် နှစ်ဦးက ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချခဲ့ကြသည်။



အိန္ဒိယနှင့် ပြင်သစ်နှစ်နိုင်ငံအကြား ဆက်ဆံရေး ခိုင်မာတိုးတက်စေရေးအတွက် ကြိုးပမ်းအားထုတ်ကြမည်ဟု ခေါင်းဆောင်နှစ်ဦးက ကတိကဝတ်ပြုခဲ့ကြပြီး အိန္ဒိယဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့၏ ထိပ်သီးဆွေးနွေးပွဲများကို နှစ်နှစ်လျှင်တစ်ကြိမ် ပြုလုပ်သွားရန်လည်း သဘောတူညီခဲ့ကြကြောင်း ဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံသည် မိမိတို့နိုင်ငံ၏ ယုံကြည်ရဆုံး ကာကွယ်ရေးမိတ်ဖက်နိုင်ငံများတွင် ပါဝင်ကြောင်း၊ နှစ်နိုင်ငံကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ နှစ်နိုင်ငံတပ်မတော်များအကြား ထောက်ပို့လုပ်ငန်းအရ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ကူညီသွားမည်ဖြစ်ကြောင်း ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်မိုဒီက ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသော ဆောင်ရွက်ချက်သစ်ဖြစ်ကြောင်း သမ္မတမေခရွန်က ပြောကြားသည်။ မေခရွန်သည် မြို့တော်နယူးဒေလီသို့ မတ် ၉ ရက်တွင် ရောက်ရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံသို့ သမ္မတမေခရွန်လာရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

**ပီတီအိုင်**

## သဘာဝဘေးအန္တရာယ် အောက်မေ့ဖွယ်အခမ်းအနား တိုကျို၌ ကျင်းပ

**တိုကျို မတ် ၁၁**

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဂျပန်အရှေ့မြောက်ပိုင်းဒေသ၌ ဖြစ်ပွားခဲ့သောမြေငလျင်ကြီးနှင့် ဆူနာမီရေလှိုင်းဘေးတို့ကြောင့် သေဆုံးခဲ့ရသူများအတွက် အောက်မေ့ဖွယ်အခမ်းအနားကို တိုကျို၌ ပြုလုပ်ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖူကူရှီးမားနျူကလီးယားစက်ရုံမတော်တဆမှုကိုပါ ဖြစ်ပွားစေခဲ့သော သဘာဝဘေးကြီးဖြစ်ပွားခဲ့မှု ခုနစ်နှစ်ပြည့်အဖြစ် ဂျပန်အစိုးရက ကြီးမှူး၍ အောက်မေ့ဖွယ်အခမ်းအနားကို မတ် ၁၁ ရက်တွင် ကျင်းပခဲ့သည်။

ငလျင်ကြီးလှုပ်ခဲ့သော မွန်းလွဲ ၂ နာရီ ၄၆ မိနစ်တိတိအချိန်တွင် မင်းသားအာကိရှီနိုနှင့် ကြင်ယာတော်၊ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးတို့က တက်ရောက်လာကြသူများနှင့်အတူ ငြိမ်သက်စွာ ဆုတောင်းခဲ့ကြသည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မှန်မှန်တိုးတက်နေပြီး ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းဘဝ ပြန်လည်ထူထောင်ရေးအတွက် အစိုးရအဖွဲ့က ထောက်ပံ့မှုများကို အဆက်မပြတ်ပေးအပ်လျက်ရှိကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။

**ကျိုဒို**



## ဘဝတစ်သက်တာလုံး အုပ်စိုးနိုင်မည့်အခွင့်အာဏာ တရုတ်နိုင်ငံ ပါလီမန်က သမ္မတရှီအား အပ်နှင်းပြီ

**ပေကျင်း မတ် ၁၁**

တရုတ်နိုင်ငံ၏ အမျိုးသားပြည်သူ့ကွန်ဂရက်(ပါလီမန်)သည် နိုင်ငံတော်သမ္မတတစ်ဦးအနေဖြင့် ရာထူးသက်တမ်းနှစ်ဆက်သာ တာဝန်ထမ်းဆောင်ရန်ဟူသော ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့သော ကျင့်စဉ်တစ်ရပ်အား ဖျက်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်တစ်ရပ်ကို အတည်ပြုပေးလိုက်ရာ သမ္မတရှီကျင့်ဖျင်သည် ၎င်း၏ဘဝတစ်သက်တာကာလပတ်လုံး တရုတ်နိုင်ငံ၏ ခေါင်းဆောင်အဖြစ် တာဝန်ယူသွားရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း ပီတီအိုင်သတင်းဌာနက မတ် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက်(၆၄)နှစ်ရှိ သမ္မတရှီသည် အာဏာရ တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ)နှင့် တပ်မတော်တို့ကို ဦးဆောင်လျက်ရှိပြီး မျက်မှောက်ဆယ်စုနှစ်တာကာလများအတွင်း တရုတ်နိုင်ငံ၏ တန်ခိုးအာဏာအကြီးမားဆုံးပုဂ္ဂိုလ်ကြီးအဖြစ် ရပ်တည်လာနိုင်သည်။ ရှီသည် ယခုလအတွင်း ဒုတိယမြောက် ငါးနှစ်သမ္မတရာထူးသက်တမ်းတွင် တာဝန်ထမ်းဆောင်ခဲ့ရာ ဘဝတစ်သက်တာကာလပတ်လုံး အာဏာကို ရယူနိုင်ခဲ့သူ ဥက္ကဋ္ဌကြီး မော်စီတုံးပြီးလျှင် တရုတ်နိုင်ငံ၏ ပထမဆုံးသော ရာသက်ပန်ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နိုင်တော့မည်ဖြစ်သည်။

သမ္မတနှင့် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းဆိုင်ရာ ကန့်သတ်ချက်အား အဆုံးသတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်ပြုလုပ်ရန် အဆိုကို အမျိုးသားပြည်သူ့ကွန်ဂရက်က ထောက်ခံမဲ ၂၉၅၈ မဲ၊ ကန့်ကွက်မဲနှစ်မဲ၊ ကြားနေမဲ သုံးမဲဖြင့် အတည်ပြုပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်သည် ယင်းအဆိုအတွက် မဲခွဲဆုံးဖြတ်ရာတွင် လက်ထောင်ကာ ဆန္ဒပြုခြင်း၊ အီလက်ထရွန်နစ်မဲပေးစနစ်အရ ဆန္ဒမဲပေးခြင်းတို့ကို မပြုလုပ်ဘဲ ဆန္ဒပြုမဲပြားများကို မဲပုံးအတွင်းသို့ ထည့်သွင်းစေသော စနစ်ကို အသုံးပြုရန် ရွေးချယ်ခဲ့သည်။ မဲပြားပေါ်တွင် ထောက်ခံသည်၊ မထောက်ခံပါ၊ ကြားနေသည်ဟူသော ဆန္ဒပြုနိုင်သည့် စာတန်းများပါရှိသည်ဆို၏။

**ပီတီအိုင်**

## ဝါရှင်တန်နှင့် ပြုံယမ်း ထိပ်သီးအစည်းအဝေးပွဲကို ပေကျင်းကြိုဆို

**ပေကျင်း မတ် ၁၁**

မေလမတိုင်မီ ကျင်းပမည့် အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းဝေးကို တရုတ်နိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျင်ရှောင်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မီဒီယာများသို့ ပြောကြားခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား တင်းမာမှုများဖြေလျှော့ရေးသည် ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်ပြီး အဓိကကျသော အချက်ပင်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ကျင်ရှောင်က ဆိုသည်။

ထို့ကြောင့် နှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ စေ့စပ်ညှိနှိုင်းမှုများဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့သည့်အတွက် တရုတ်နိုင်ငံအနေဖြင့် လွန်စွာဝမ်းမြောက်လှပါကြောင်း ပြောရေးဆိုခွင့်ရှိသူ ကျင်ရှောင်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား နျူကလီးယားလက်နက်ပပျောက်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ကာ ဆက်ဆံရေးတိုးတက်ကောင်းမွန်သည့် အခြေအနေသို့ ရောက်ရှိရန် တရုတ်နိုင်ငံအနေဖြင့် မျှော်လင့်ပါကြောင်း ၎င်းက ဆိုသည်။

ဝါရှင်တန်နှင့် ပြုံယမ်း ထိပ်သီးအစည်းအဝေးနှင့် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးတို့ကို ကျင်းပနိုင်စေရန် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍနှင့်ပတ်သက်ပြီး မီဒီယာများက မေးခွန်းထုတ်ခဲ့ကြရာ ကိုရီးယားကျွန်းဆွယ်အရေးကို သက်ဆိုင်သည့်နိုင်ငံများက နိုင်ငံရေးအရ ရေရှည်အေးချမ်းတည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ကျင်ရှောင်က ပြန်လည်ဖြေကြားခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ကိုယ်ပိုင်ရပ်တည်ချက်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ကျင်ရှောင်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းသည့် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီးဖွင့်

**နေပြည်တော် မတ် ၁၁**

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီး ဘုရားပရိဝုဏ်အတွင်း စုပေါင်းတည်ဆောက် လှူဒါန်းသည့် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်သွန်းအောင်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်သည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ ရန်ကုန်တပ်နယ်မှ အရာရှိစစ်သည်၊ မိသားစုများ၊ စေတနာရှင်၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက သာသနာ့ဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သာသနာ့ဗိမာန်တော်ကြီး အမည်စာတန်းနှင့် မင်္ဂလာ မော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်အား နာယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးအတွက် သာသနာ့ဗိမာန်တော်ကြီးကို သာဟတ္ထိကမြောက် ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော်



အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဗိမာန်တော်ကြီးအား တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များစုပေါင်း၍ အလှူငွေကျပ်သိန်းပေါင်း ၁၉၀၀၀ ကျော်ဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဗိမာန်တော်ကြီးမှာ အလျား ၁၆၈ ပေ၊ အနံ ၇၂ ပေရှိ သံကူကွန်ကရစ်နှစ်ထပ်ဗိမာန်တော်ကြီးဖြစ်ပြီး မြန်မာမှုလက်ရာများဖြင့် ခမ်းနားစွာ တည်ဆောက်ထားခြင်းဖြစ်ကာ ဗိမာန်တော်ကြီးအတွင်း သံဃာတော်အပါး ၅၀၀ ခန့် တစ်ပြိုင်တည်း စာပြန်ပွဲပြုလုပ်နိုင်ပြီး ဓမ္မသဘင်အခမ်းအနားများ၊ အခြားဘာသာရေး၊ သာသနာရေး အခမ်းအနားများအတွက် ပရိသတ်ဦးရေ ၁၅၀၀ ကျော် ဝင်ဆံ့မှုရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးရုံသတင်းအချက်အလက်ဆိုင်ရာ ကွန်ပျူတာစနစ်ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၁**

ဆေးရုံသတင်းအချက်အလက်ဆိုင်ရာ ကွန်ပျူတာစနစ် ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၀ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်ကို ကျန်းမာရေးသတင်းအချက်အလက်ဆိုင်ရာနှစ် (Year of data and information)နှင့် ဘဏ္ဍာငွေများကို ကျိုးကြောင်းလျော်ညီစွာ ခွဲဝေချထားခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းနှစ် (Year of rational budget allocation, monitoring and effective / efficient utilization of budget)အဖြစ် သတ်မှတ်၍



ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ တိကျမှန်ကန်ပြည့်စုံရေးနှင့် ရရှိသောသတင်းအချက်အလက်များကို စနစ်တကျဆန်းစစ်သုံးသပ်လေ့လာ၍ စီမံချက်များရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေနှင့် စွမ်းအားစုများကို လိုအပ်ချက်နှင့်အညီ ထိရောက်စွာ ခွဲဝေအသုံးချသွားနိုင်ရန် ဆောင်ရွက်နေကြောင်း။

မိမိတို့နိုင်ငံတွင် သတင်းအချက်အလက်မပြည့်စုံခြင်း၊ မတိကျခြင်း၊ ရရှိသော သတင်းအချက်အလက်များကို စနစ်တကျ အသုံးမပြုခြင်းတို့ကြောင့် တချို့ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၏ လိုအပ်ချက်ကို သေချာစွာ ခန့်မှန်းနိုင်ခြင်းမရှိဘဲ လိုအပ်သည်ထက်ပို၍ သို့မဟုတ် လျော့နည်း၍ ဝယ်ယူဖြန့်ဖြူးခြင်းများကြောင့် လေလွင့်ဆုံးရှုံးခြင်းများနှင့် အခက်အခဲဖြစ်ခြင်းများ ဖြစ်ပေါ်နေကြောင်း၊ ကျန်းမာရေးသတင်းအချက်အလက်သည် လူ၏ဗဟိုအာရုံကြောစနစ်ကြီးနှင့် တူညီ၍ အလွန်အရေးကြီးကြောင်း၊ သတင်းအချက်အလက်များ တိကျမှန်ကန်ပြည့်စုံမှသာ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ မှန်ကန်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ တစ်ဝန်းရှိ လူနာတစ်ဦးချင်းစီအတွက် သီးသန့်ကိုယ်ပိုင်နံပါတ်(Patient unique identification number) သတ်မှတ်ပေးနိုင်ရန် ဝိုင်းဝန်းစဉ်းစားကြစေလိုပါကြောင်း၊ ဆေးရုံဆိုင်ရာ သတင်းအချက်အလက် ကွန်ပျူတာစနစ်ကို စနစ်တကျ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘက်စုံလေ့လာသုံးသပ်၍ သက်ဆိုင်သူအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဆေးရုံဆိုင်ရာ သတင်းအချက်အလက် ကွန်ပျူတာစနစ် ထူထောင်ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ စဉ်းစားသုံးသပ်ရမည့် အချက်များနှင့် အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းကြည်**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ လစဉ် ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၁၁**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာနနှင့် မြဝတီအနုပညာယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့များက တစ်လလျှင် တစ်ကြိမ်စီ ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

"ဒီလိုဖျော်ဖြေမှုတွေ စီစဉ်ရတဲ့အကြောင်းအရင်းက နေပြည်တော်မှာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိတယ်ဆိုတာကို နိုင်ငံတစ်ဝန်းက ပြည်သူတွေ ပိုမိုသတိပြုမိစေဖို့နဲ့ လာရောက်အပန်းဖြေအနားယူနိုင်ဖို့ဖြစ်ပါတယ်၊ ဒီဥယျာဉ်ကြီးထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အထိမ်းအမှတ်တွေကို တစုတစည်းတည်း လေ့လာနိုင်ဖို့ တည်ဆောက်ထားပါတယ်၊ အပန်းဖြေနားနေစရာတွေ၊ လည်ပတ်စရာတွေနဲ့ စားသောက်ဖွယ်ရာတွေကိုလည်း ပြည်သူတွေလွယ်ကူအဆင်ပြေအောင် စီမံဆောင်ရွက်ထားပါတယ်"ဟု အမျိုးသားအထိမ်းအမှတ်ဥယျာဉ် အထွေထွေမန်နေဂျာ ဦးစိုးနိုင်က ပြောသည်။



မတ် ၁၁ ရက်တွင် မြဝတီအနုပညာယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့များ ဖြစ်ကြသည့် အမှတ်(၁)၊(၂)နှင့်(၄) ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် ပြည်သူများအား ကပြဖျော်ဖြေကြသည်။

အမှတ်(၁)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယအရာခံဗိုလ် သန်းမောင်ထွေးက "ကျွန်တော်တို့တပ်ခွဲအနေနဲ့ ဒီဥယျာဉ်ကြီးမှာ ပထမအကြိမ် လာရောက်ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့စစ်သည်တွေနဲ့ စစ်သမီးတွေရဲ့ အနုပညာတွေကို အများပြည်သူရှေ့မှောက်မှာ ဖျော်ဖြေတင်ဆက်ခွင့်ရတာ အထူးကျေးဇူးတင်ပါတယ်၊ အခု ဒီဖျော်ဖြေမှုမှာ အဆို၊ အက၊ ဟာသ၊ မျက်လှည့်လက်လှည့်တွေ အပါအဝင် သု၊ တရသ အစီအစဉ်တွေကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**မောင်ဇော်**

# MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပသည်။

ပဉ္စမနေ့တွင် အုပ်စု(ဂ၊ ဃ၊ င)ဒုတိယနေ့ပွဲများကျင်းပခဲ့ပြီး UPT အသင်းက GKTY အသင်းကို ကိုးဂိုး-တစ်ဂိုး၊ MCY အသင်းက Family United အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ MIC Legend အသင်းက 41 Return အသင်းကို ကိုးဂိုး-သုံးဂိုး၊ Bo 1000 အသင်းက Hopan အသင်းကို ခြောက်ဂိုး-လေးဂိုး၊ UM အသင်းက Caldina Club Myanmar အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Old Men အသင်းက powerful အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်ရှိုင်း**

# မြန်မာ့ဆန်စပါးနှင့် ကမ္ဘာ့ဆန်ဈေးကွက်

မောင်တိုးအောင်

**မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှုသမိုင်း**

ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့ အဓိကစားနပ်ရိက္ခာ (Staple Food)ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ အဓိကစားနပ်ရိက္ခာ (Staple Food)ကို အလေးအနက်ထားကိုင်တွယ်ကြပြီး တချို့သော နိုင်ငံများတွင် (Political crop) လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ လွန်ခဲ့သော ၃၃ နှစ်ခန့်က သီးနှံစီမံခန့်ခွဲမှုသင်တန်းတစ်ခုမှာ ဆန်အကဲဖြတ်အဖွဲ့ဝင် ဆရာကြီး ဦးလှအောင်က **"မင်းတို့အရင်တွေ့ခဲ့ဖူးတဲ့ ကျည်ဆန်က တစ်ဖက်ပဲ ချွန်တယ်၊ အခုထိတွေ့ကိုင်တွယ်ရမယ့် ဆန်စပါးက နှစ်ဖက်ချွန်ဖြစ်လို့ လုပ်ကိုင်ဆောင်ရွက်ရာမှာ တစ်ဖက်တည်း စဉ်းစားလို့မရဘူး၊ နှစ်ဖက်စလုံးအကျိုးရှိဖို့ စဉ်းစားဆုံးဖြတ်ရမှာဖြစ်တယ် (ဥပမာ - စားသုံးသူနဲ့ တောင်သူ၊ ပြည်တွင်းနဲ့ ပြည်ပ၊ စက်ပိုင်နဲ့ ဝန်ထမ်း)"** ဆိုပြီး မှာကြားခဲ့ဖူးပါတယ်။

သမိုင်းအထောက်အထားများအရ ဗိဿနိုးမြို့ဟောင်းမှာ စပါးခွံပါတဲ့အုတ်ကို တွေ့ရပြီး ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းတွေမှာ ရိက္ခာဖူလုံဖို့ စပါးစိုက်ပျိုးတဲ့ အထောက်အထားတွေ့တယ်လို့ သိရပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော် ကတည်းက မြန်မာနိုင်ငံမှာ ဆန်စပါးကို စိုက်ပျိုးစားသောက်တဲ့အလေ့အထ ရှိခဲ့ပါတယ်။

**ရှေးဘုရင်များလက်ထက် ဆန်စပါးပြည်ပတင်ပို့မှု**

ဆန်စပါး ပြည်ပတင်ပို့မှုကို ဟံသာဝတီခေတ် (၁၂၈၇-၁၅၃၉) တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော အီတလီလူမျိုး ဗာသီမာ ဆိုသူ၏ မှတ်တမ်းအရ ပဲခူးမှ မလက္ကာနှင့် ဆူမတြားကျွန်းများသို့ ဆန်စပါးများ တင်ပို့ရောင်းချကြောင်း သိရပါတယ်။ မလက္ကာမြို့ကို ပေါ်တူဂီများ ၁၅၁၁ ခုနှစ် သိမ်းစဉ်က မြန်မာနိုင်ငံက ဆန်စပါးနှင့် ကုန်စည်တွေ လာရောင်းကြတဲ့ မြန်မာသင်္ဘောသား (သို့မဟုတ်) ကုန်သည် ၃၀၀ ခန့်လောက် ရှိနေတယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ ၁၇ ရာစုမှာတော့ ဒတ်ချ်တွေဟာ ရခိုင်၊ အင်းဝနဲ့ ပဲခူးဈေးကွက်တွေက ဆန်စပါးဝယ်ယူတယ်လို့ သိရပါတယ်။ ဒတ်ချ်ကုန်တိုက်များကို မြောက်ဦးမြို့တွင် ၁၆၂၄ ခုနှစ် သန်လျင်နဲ့ အင်းဝမြို့တွေမှာ ၁၆၃၅ ခုနှစ်မှာ ဖွင့်လှစ်ရောင်းဝယ်ကြတယ်လို ဆရာကြီး လူထုဦးလှရဲ့ "စားစရာဆန်" စာအုပ်မှာ ဖော်ပြထားပါတယ်။ အဲဒီအချိန်က ဆန်စပါးရောင်းဝယ်မှုကို ဘုရင်တွေကိုယ်တိုင် ကိုင်တွယ်ကြပြီး ဘုရင်မှ ခန့်အပ်သည့် ပွဲစားများက သတ်မှတ်ဈေးနှုန်းနဲ့ ရောင်းကြရပါတယ်။ ဘယ်အချိန် ဘယ်ဈေးထားရမယ်ဆိုတာ ဘုရင်က ဆုံးဖြတ်ပြီး ပြည်တွင်းပိုလျှံမှုကိုသာ ပြည်ပသို့ ရောင်းချစေပြီး ဈေးနှုန်းချိုးဖောက်တဲ့ ပွဲစားကို သေဒဏ်ပေးတဲ့အထိ အရေးယူတယ်လို့ သိရပါတယ်။ ဒီအချိန်က အများဆုံးတင်ပို့တာ မလက္ကာ၊ ဂျာဗားနဲ့ ဆူမတြားဒေသတွေဖြစ်ပြီး မြန်မာ့ဆန်စပါးတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ခန့်ကတည်းက ပင်လယ်ရပ်ခြားတိုင်းပြည်တွေကို ရောင်းချနေပြီလို့ ဆိုနိုင်ပါတယ်။

**ကိုလိုနီခေတ် ဆန်ပြည်ပတင်ပို့**

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ (၁၈၂၄-၂၅) အပြီးမှာ စစ်တွေဆိပ်ကမ်းကနေ နိုင်ငံခြားကုမ္ပဏီများက ပြည်ပကို ဆန်စပါးတင်ပို့မှုကို စတင်ခဲ့ကြပါတယ်။ ၁၈၄၀ ပြည့်နှစ်မှ ဆန်တန်ချိန် ၇၄၅၀၀ တင်ပို့ခဲ့ပြီး ဥရောပဈေးကွက်၊ အာရှဈေးကွက် နှစ်ပိုင်းစလုံး တင်ပို့ခဲ့ပါတယ်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၄-၅၅) ပြီးချိန်မှာ အောက်မြန်မာနိုင်ငံမှာ စပါးစိုက်ပျိုးမှုတိုးလာလို့ တင်ပို့မှုလည်း တိုးတက်လာပါတယ်။ ၁၈၆၅ ခုနှစ်မှာ တန်ချိန် ၁ ဒသမ ၆ သိန်းကျော်၊ စူးအက်တူးမြောင်း ၁၈၆၉ ခုနှစ် ဖောက်လုပ်ပြီးနောက်ပိုင်း ၁၈၈၀ ပြည့်နှစ်မှ တန်ချိန် ၈ ဒသမ ၅ သိန်း တင်ပို့နိုင်ခဲ့ပါတယ်။ ၁၈၈၃ ခုနှစ်တွင် တွံတေးတူးမြောင်း ဖောက်လုပ်ခဲ့ပြီး ၁၈၉၀ ပြည့်နှစ်မှာတော့ တန်ချိန် ၁ ဒသမ ၁ သန်းကျော်အထိ တင်ပို့နိုင်ခဲ့ရာမှ ၁၉၀၀ ပြည့်နှစ်မှာတော့ တန်ချိန် နှစ်သန်းကျော်အထိ ဆန်ပိုမိုတင်ပို့နိုင်ပါတယ်။ ဆိပ်ကမ်းများလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ် ပတ်ဝန်းကျင်က အဓိကတင်ပို့တဲ့ ဆိပ်ကမ်းတွေနဲ့ တင်ပို့တဲ့ ရာခိုင်နှုန်းတွေက ရန်ကုန် ၇၃ ရာခိုင်နှုန်း၊ ပုသိမ် ၁၂ ရာခိုင်နှုန်း၊ စစ်တွေ ရှစ်ရာခိုင်နှုန်းနဲ့ မော်လမြိုင် ခြောက်ရာခိုင်နှုန်း အသီးသီးဖြစ်ကြပါတယ်။ ထားဝယ်နှင့် မြိတ် ဆိပ်ကမ်းတို့မှလည်း အနည်းငယ် တစ်ရာခိုင်နှုန်းခန့် တင်ပို့ပါတယ်။

အလားတူ ဆန်စက်လုပ်ငန်းများလည်း ဖွံ့ဖြိုးလာပါတယ်။ ပြည်ပသို့ စတင် တင်ပို့စဉ်က လုံးတီးဆန်အဖြစ် တင်ပို့ကြပေမယ့် နောက်ပိုင်း ဆန်စက်လုပ်ငန်းများ တိုးတက်လာပြီး ဆန်ဖြူ ဆန်ကွဲနဲ့ ပြုတ်ဆန် (ပေါင်းဆန်) များကို တင်ပို့နိုင်တဲ့အပြင် အဆင့်မြင့်ဆန်အဖြစ် ဆန်ဖြူကို သိုးသားရေနှင့်ပွတ်ပြီး အရောင်တင် (Polish) ထားတဲ့ ဆန်များကိုပါ တင်ပို့နိုင်ခဲ့ပါသည်။

ပထမကမ္ဘာစစ် မဖြစ်မီကာလက မြန်မာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းမှာ ဥရောပတိုက်ဖြစ်ပြီး ဂျာမနီနိုင်ငံသည် မြန်မာ့ဆန် အများဆုံးဝယ်သောနိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဂျာမနီလုပ်ငန်းရှင်ကြီးများက ဆန်စက်များကို တိုးချဲ့တည်ဆောက်လာကြရာ မြန်မာ့ဆန်စက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပြီး ၁၉၁၈ ခုနှစ်တွင် ဆန်စက် ၃၃၂ လုံးရှိခဲ့ရာမှ ၁၉၃၀ ပြည့်နှစ်မှာ ဆန်စက် ၆၁၃ လုံးအထိ ရှိလာခဲ့ပါတယ်။ ပထမကမ္ဘာစစ်ပြီးတဲ့အချိန်မှာတော့ ဂျာမနီပိုင်ဆန်စက်များကို အင်္ဂလိပ်က သိမ်းပိုက်လိုက်ပါတယ်။ ၁၉၀၀ ပြည့်နှစ်ခန့်မှာ ခနောင်တိုဒေသမှာ စတီးဘရားသားကုမ္ပဏီက ၂၄ နာရီ စပါးတန် ၁၅၀၀ ဆန်တန် ၁၀၀၀ ကြိတ်ခွဲနိုင်တဲ့ ဆန်စက်ကြီးကို တည်ဆောက်ခဲ့ပြီး အဲဒီအချိန်က ကမ္ဘာမှာ အကြီးဆုံးဆန်စက်ဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဗုံးကြဲခံရတဲ့အတွက် ပျက်စီးသွားကြောင်း သိရပါတယ်။

ကိုလိုနီခေတ်တွင် ဆန်စပါးဖွံ့ဖြိုးရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေလမ်း(တူးမြောင်းများအပါအဝင်)၊ ရထားလမ်းများကို အဓိကအသုံးပြုခဲ့ပါတယ်။ ငွေကြေးကဏ္ဍ အထောက်အကူဖြစ်စေရန်အတွက် ဘဏ်များကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့ရာ ၁၈၆၂ ခုနှစ်တွင် ဘင်္ဂလားဘဏ်၊ ဩစတြေးလျဘဏ်၊ တရုတ်ချာတာဘဏ်နှင့် ဥရောပဘဏ်များကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၁၉၄၁ ခုနှစ်က မြန်မာနိုင်ငံတွင် စုစုပေါင်းဘဏ် ၃၃ ခုအထိ ရှိခဲ့ပါတယ်။ တောင်သူများသို့ ငွေချေးရန်အတွက် ငွေချေးလုပ်ငန်းတွင် ကျွမ်းကျင်သူ ချစ်တီးများကို ဒေသအနှံ့ဖြန့်ကြက်လုပ်ကိုင်စေခဲ့ပါတယ်။ အမတော်ကြေးများလည်း ထုတ်ချေးပေးခဲ့တဲ့အပြင် အချို့ဘဏ်တွေဟာ ငွေကြေးများကို ချစ်တီးများမှတစ်ဆင့် ထုတ်ချေးစေခဲ့ပါတယ်။

၁၉၂၇-၂၈ ခုနှစ်တွင် ဆန်စပါးတန်ချိန် ၃ ဒသမ ၁ သန်းထိ စတင်တင်ပို့နိုင်ခဲ့ပြီး ၁၉၃၄-၃၅ ခုနှစ်တွင် ဆန်စပါးတန်ချိန် ၃ ဒသမ ၅၉ သန်းအထိ စံချိန်တင် တင်ပို့နိုင်ခဲ့ရာ ထိုအချိန် ကမ္ဘာ့ဆန်ဈေးကွက်၏ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ပြီး ကမ္ဘာ့နံပါတ်(၁) ဆန်တင်ပို့တဲ့နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ ဆန်တင်ပို့မှု ရပ်ဆိုင်းခဲ့ပါတယ်။ စစ်ကြီးပြီးလို့ ၁၉၄၆ ခုနှစ်မှာ ဆန်တန်ချိန် နှစ်သိန်း စတင်တင်ပို့ခဲ့ပြီး ၁၉၄၇-၄၈ လွတ်လပ်ရေးရမယ့်နှစ်မှာ ဆန်တန်ချိန် ၁ ဒသမ ၂ သန်းအထိ တင်ပို့နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှစ၍ လွတ်လပ်ရေးရချိန်အထိ မြန်မာ့ဆန်စပါးကဏ္ဍကို နိုင်ငံခြားဆန်စပါးကုမ္ပဏီများကသာ လွှမ်းမိုးခဲ့ကြပြီး ၁၉၂၁ မှာ နိုင်ငံခြားကုမ္ပဏီကြီး လေးခုပူးပေါင်း၍ ဘူလင်ဂျာပူး (Bullinger Pool) ကို ဖွဲ့စည်းပြီး လက်ဝါးကြီးအုပ် စိတ်ကြိုက်ခြယ်လှယ်ခဲ့ကြရာမှ အကျိုးဆက်အနေနဲ့ ပြည်တွင်း စပါးဈေးတွေ အလွန်အမင်း ကျဆင်းခဲ့ပြီး တောင်သူများ စားဝတ်နေရေး ကျပ်တည်းလာရာမှ သာယာဝတီခရိုင်တွင် ဆရာစံ ဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါက်ပေါက်လာခဲ့ရပါတယ်။

**လွတ်လပ်ရေးရပြီးခေတ်**

လွတ်လပ်ရေးရသည့်အချိန်တွင် မြန်မာ့ဆန်စပါးလောကကို နိုင်ငံခြားကုမ္ပဏီများ လွှမ်းမိုးမှုမှ မြန်မာ့ဆန်စပါးလုပ်ငန်းရှင်များမှ ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့(SAMB) ကို ၁၄. ၁၁. ၁၉၄၇ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၆ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ လွတ်လပ်ရေးပြီး တစ်နှစ်အတွင်း မြန်မာ့ဆန်စပါးကဏ္ဍ၏ ၇၅ ရာခိုင်နှုန်းကို တိုင်းရင်းသားလုပ်ငန်းရှင်များက ဆောင်ရွက်လာနိုင်ပြီး ပြည်ပဆန်တင်ပို့မှု တန်ချိန်တစ်သန်းနှင့် နှစ်သန်းကြား တင်ပို့နိုင်ခဲ့ရာ ၁၉၆၅-၆၆ ခုနှစ်အထိ တစ်သန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ဆန်စပါးလုပ်ငန်း ပြည်သူပိုင်ပြုလုပ်ခြင်းနှင့် ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးခြင်း**

၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှစ၍ ဆန်စပါး ဝယ်၊ သယ်၊ သို၊ ကြိတ်၊ ဖြန့် လုပ်ငန်းအားလုံးကို အစိုးရက တာဝန်ပေးသောဌာနမှလွဲ၍ အခြားမည်သူမှ လုပ်ပိုင်ခွင့်မရှိကြောင်း ကြေညာခဲ့ပါတယ်။ ဆန်စပါးကို အစိုးရမှ တိုက်ရိုက်ကိုင်တွယ်ခြင်း၊ စပါးဈေးနှုန်းကို သတ်မှတ်ဝယ်ယူခြင်းများ ဆောင်ရွက်ခဲ့၍ ဆန်စပါးထုတ်လုပ်တင်ပို့မှုများ လျော့နည်းလာပါတယ်။ ၁၉၆၆ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဆန်ထုတ်လုပ်မှုတန်ချိန် ၄ ဒသမ ၆ သန်းမှ ၃ ဒသမ ၈ သန်းအထိ ကျဆင်းခဲ့ရာ တာဝန်ရှိသူတွေရဲ့ စီမံကိုင်တွယ်မှု ချို့ယွင်းချက်များကြောင့် ၁၉၆၇ ခုနှစ်တွင် ပြည်တွင်းဆန်ဈေးနှုန်း ကြီးမြင့်ခြင်း၊ အချို့ဒေသတွင် ဆန်ရှားပါးမှုများ၊ ပြတ်လပ်မှုများဖြစ်၍ လုယက်မှုများအထိဖြစ်ခဲ့ကြောင်း သိရပါတယ်။

၁၉၈၇-၈၈ ခုနှစ်တွင်လည်း ဆန်စပါးကဏ္ဍတွင် အစိုးရဌာနက သီးနှံအခွန်သာ ကောက်ခံစေပြီး သမဝါယမကဏ္ဍသို့ တိုက်ရိုက်ကိုင်တွယ်စေခဲ့ရာ လုပ်ငန်းကျွမ်းကျင်မှုနှင့် အချင်းချင်းချိတ်ဆက်မှုအားနည်းခဲ့၍ ပြည်သူလူထုသို့ ဖြန့်ဖြူးရာမှ ဆန်ပြတ်လပ်မှုများဖြစ်ခဲ့ပြီး သမဆိုင်တွင် ဆန်တစ်ပြည် နှစ်ကျပ်ကျော်ဖြင့် ရောင်းချရာမှ ပြင်ပဈေးကွက်တွင် ၅/၆ ဆအထိ ဖြစ်လာပြီး ပြည်သူများ စားရေးအခက်အခဲရှိလာကာ ထိုအချိန်က အထွေထွေမကျေနပ်မှုကြီးကို ပိုမိုကြီးထွားပေါက်ကွဲစေခဲ့ပါတယ်။

**၁၉၈၈ ခုနှစ် နောက်ပိုင်းကာလ**

၁၉၈၉ ခုနှစ်နောက်ပိုင်း တောင်သူများထံမှ တစ်ဧကလျှင် အများဆုံး ၁၂ တင်းအထိ သတ်မှတ်၍ သတ်မှတ်ဈေးဖြင့် ဝယ်ယူ၍ သတ်မှတ်အင်အားစုများသို့ သတ်မှတ်ဈေးဖြင့် ရောင်းပေးခြင်း၊ ပိုလျှံသည်ကို ပြည်ပတင်ပို့ခြင်းများအား မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (MAPT)က ဆောင်ရွက်ပြီး ကျန်ဆန်စပါးတွေကို ပြည်တွင်းတွင် လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခဲ့ပါတယ်။

၂၃-၄-၂၀၀၃ ရက်နေ့တွင် နိုင်ငံတော်၏ ဆန်စပါးရောင်းဝယ်မှုမူဝါဒသစ်ကို ကြေညာ၍ ၂၀၀၃-၂၀၀၄ စပါး ရာသီမှစပြီး အစိုးရက တိုက်ရိုက်ဝယ်ယူခြင်း မပြုတော့ဘဲ ပုဂ္ဂလိက သို့မဟုတ် လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့ပါတယ်။

အစပိုင်းတွင် ပြည်ပတင်ပို့ခြင်းကို မြန်မာနိုင်ငံဆန်စပါးရောင်းဝယ်ရေးဦးဆောင်အဖွဲ့၏ လမ်းညွှန်ချက်ဖြင့်ဆောင်ရွက်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁၄၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ရာတွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်မှစ၍ ပုဂ္ဂလိကကို အပြည့်အဝ ပြည်ပတင်ပို့မှုလုပ်ကိုင်ခွင့်ပြုခဲ့၍ ဆန်တန်ချိန် ၃ ဒသမ ၆ သိန်းအထိ ပြန်လည်တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသမှ တင်ပို့ခြင်းကိုပါ တရားဝင်ခွင့်ပြုပေးခဲ့ရာ ဆန်တန်ချိန် ၁ ဒသမ ၄ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၁ လအတွင်း တန်ချိန် ၃ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့၍ ယခု ဘဏ္ဍာနှစ် တင်ပို့နိုင်မှုသည် ၁၉၃၄-၃၅ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်မှု ဖြစ်ပါတယ်။

**မြန်မာ့ဆန် ပြည်ပတင်ပို့နိုင်မှု ဘယ်အပေါ် မှီတည်နေသလဲ**

မြန်မာနိုင်ငံ၏ ဆန်စပါးအခြေခံမူမှာ ပြည်တွင်းဖူလုံမှုကို ဦးစားပေး၍ ပိုလျှံသည်များ ပြည်ပတင်ပို့ရန်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းဆန်စပါး ဖူလုံမှုထက် ပိုလျှံစေရေးတွင် အောက်ပါအချက်များသည် အဓိကဖြစ်သည်ဟု သုံးသပ်ရရှိရပါသည်-

(၁) တောင်သူများ ဆန်စပါးထုတ်လုပ်မှုအပေါ် စိတ်အားထက်သန်ခြင်း၊
(၂) ရာသီဥတုမှန်ကန်ခြင်း၊
(၃) စပါးသီးနှံနှင့် ရာသီတူအခြားသီးနှံများ၏ တောင်သူအကျိုးအမြတ် လျော့နည်းသွားခြင်း (ဥပမာ-မတ်ပဲ)၊
(၄) စိုက်ပျိုးစဉ် စိုက်ပျိုးမှုနည်းစနစ်မှန်ကန်ကောင်းမွန်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ပြီးနောက်ပိုင်း အလေအလွင့် (Post-harvest Losses) လျော့နည်းသွားခြင်း၊
(၅) လူတစ်ဦးစားသုံးမှုနှုန်း လျော့နည်းသွားခြင်း၊
(၆) ပြည်တွင်း ဆန်ဈေးနှုန်း ကောင်းမွန်ခြင်း၊

ဆန်ပိုလျှံမှုအပေါ် ပြည်ပသို့ ပိုမိုတင်ပို့နိုင်မှုမှာ အောက်ပါအချက်များအပေါ်တွင် မူတည်သည်ဟု သုံးသပ်ရရှိပါသည်-

(၁) ကမ္ဘာ့ဆန်ဈေးနှုန်း၊
(၂) ပြည်တွင်းဆန်စပါးဈေးနှုန်း၊
(၃) မြန်မာငွေနှင့် နိုင်ငံခြားငွေလဲလှယ်ဈေးနှုန်း၊
(၄) ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် Stakeholders အားလုံး တွက်ခြေကိုက်မှုရှိခြင်း၊
(၅) ကမ္ဘာ့ဆန်စားသုံးနိုင်ငံများ၏ ရာသီဥတုအခြေအနေနှင့် ဈေးကွက်လိုအပ်ချက်၊
(၆) နိုင်ငံတကာ စီးပွားဆက်ဆံမှုအခြေအနေကောင်းရှိခြင်း၊

**ပြည်ပဆန်တင်ပို့မှုအခြေအနေ တည်ငြိမ်နိုင်ရေး ဆောင်ရွက်သင့်သည့်အစီအစဉ်များ**

မြန်မာနိုင်ငံတွင် ဆန်စပါးကဏ္ဍ တည်ငြိမ်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP) လုပ်ငန်းစဉ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်-

(က) ဆန်စပါးအရည်အသွေးနှင့် ထုတ်လုပ်မှုကို သိသာစွာမြင့်တင်သွားရန်၊

စာမျက်နှာ ၇ သို့

"သမိုင်းအထောက်အထားများအရ ဗိဿနိုးမြို့ဟောင်းမှာ စပါးခွံပါတဲ့အုတ်ကို တွေ့ရပြီး ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းတွေမှာ ရိက္ခာဖူလုံဖို့ စပါးစိုက်ပျိုးတဲ့ အထောက်အထားတွေ့တယ်လို့ သိရပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက မြန်မာနိုင်ငံမှာ ဆန်စပါးကို စိုက်ပျိုးစားသောက်တဲ့အလေ့အထ ရှိခဲ့ပါတယ်။ မြန်မာ့ဆန်စပါးတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ခန့်ကတည်းက ပင်လယ်ရပ်ခြားတိုင်းပြည်တွေကို ရောင်းချနေပြီလို့ ဆိုနိုင်ပါတယ်။"

# အခြားစာရင်းရှင်များနှင့် စပ်လျဉ်း၍

## စောလှထွန်း(ချောင်းဦး)

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း(State Economic Enterprise - SEEs)များသည် စီးပွားရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ မိမိတို့၏ ငွေကြေးအင်အား အပေါ် မိမိတို့ရပ်တည်နိုင်ရေးမူအရ လုပ်ငန်းသုံးရင်းနှီးငွေ (Working Capital)အဖြစ် ပြည်ထောင်စုဝန်ကြီးဌာနများတွင် အခြားစာရင်းရှင်များ (Other Account-OA) ဖွင့်လှစ်ထားရှိခြင်းတို့အပေါ်တွင် ဝေဖန်ပြောဆိုနေမှုများနှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ အစည်းအဝေး၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရှင်းလင်းချက်တို့ကို တွေ့ရှိရသဖြင့် အခြားစာရင်းရှင်များ OA အပေါ် ပြည်သူများစိတ်ဝင်စားလာကြကြောင်း သိရှိရသောကြောင့် OAနှင့်စပ်လျဉ်း၍ ယခုကဲ့သို့ ရေးသားရခြင်းဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးအတည်ပြုရသော ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတွင် ဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ (SEEs)၏ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ မသိရှိသူများက အခြားစာရင်းရှင်များ (Other Account - OA)တွင် ကျပ် ကိုးဘီလီယံခန့် ရှိနေခြင်းအပေါ် ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်လာရခြင်းဖြစ်သည်။

**ဥပဒေနှင့်အညီဆောင်ရွက်ခြင်းဖြစ်**

ထို့ကြောင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ(SEEs)၏ လုပ်ကိုင်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိကို ဦးစွာလေ့လာကြည့်ရာ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတွင် အပိုင်း(၃) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ အခန်း(၁) ရငွေနှင့် သုံးငွေများ၊ အခန်း(၂) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ၊ အခန်း(၃) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ အခန်း(၄) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများဟူ၍ ပုဒ်မ ၁၉ မှ ၂၆ အထိ ပြဋ္ဌာန်းဆောင်ရွက်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်-

(က) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် ဘဏ္ဍာရေးစနစ်သစ်စတင်ကျင့်သုံးရန် ချမှတ်ထားသည်။

(ခ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မတိုင်မီက နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေအားလုံးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရသည်။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ရငွေအားလုံးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းကြရပြီး အသုံးစရိတ်အားလုံးကို ဘတ်ဂျက်လျာထားချက်အတိုင်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရပါသည်။

(ဂ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မတိုင်မီက နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ရရှိလာသော အသားတင်အမြတ်၏ ၃၀ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ပေးဆောင်ရပြီး ၇၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ကြရပါသည်။

(ဃ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်နေရာမှ မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ရပ်တည်ဆောင်ရွက်သည့် ဘဏ္ဍာရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလာသည်။

(င) ဘဏ္ဍာရေးစနစ်သစ်အရ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် အမြတ်ရရှိပါလျှင် အသားတင်အမြတ်၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရန်နှင့် ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ပေးဆောင်ရန်ဖြစ်သည်။

(စ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကျန်အသားတင်အမြတ်ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောအခါ မိမိဘဏ္ဍာရန်ပုံငွေအဖြစ် နောက်ဘဏ္ဍာရေးနှစ်သို့ သယ်ဆောင်သွားနိုင်မည်ဖြစ်သည်။

(ဆ) သာမန်လုပ်ငန်းအတွက် လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် သုံးစွဲလိုသည့် ငွေများကို အတိုးနှုန်းလေးရာခိုင်နှုန်းဖြင့် သတ်မှတ်ထားသော ငွေပမာဏထက် မကျော်လွန်ဘဲ မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူသုံးစွဲနိုင်သည်။

> OA စာရင်းများ ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ မတူညီခြင်း၊ ဘတ်ဂျက်တွင် ပါဝင်သည့် OA စာရင်းများ ဖွင့်လှစ်သည့်ကိစ္စရပ်များ၊ ဘတ်ဂျက်တွင် မပါဝင်ရသည့် ရငွေနှင့် အသုံးစရိတ်များ စသည်ဖြင့် ကွဲပြားမှု ရှိသော်လည်း ယင်း OA စာရင်းများသည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ (Union Fund Account)အောက်တွင် တစုတစည်းတည်း ရှိနေကြသည်။

**ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအောက်တွင် တစုတစည်းတည်း ရှိနေ**

OA စာရင်းများဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ မတူညီခြင်း၊ ဘတ်ဂျက်တွင် ပါဝင်သည့် OA စာရင်းများ ဖွင့်လှစ်သည့် ကိစ္စရပ်များ၊ ဘတ်ဂျက်တွင် မပါဝင်ရသည့် ရငွေနှင့် အသုံးစရိတ်များစသည်ဖြင့် ကွဲပြားမှုရှိသော်လည်း ယင်း OA စာရင်းများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (Union Fund Account) အောက်တွင် တစုတစည်းတည်း ရှိနေကြသည်။ လကုန်ဆုံးသည့်အခါတွင်လည်းကောင်း၊ နှစ်ကုန်ဆုံးသည့်အချိန်တွင်လည်းကောင်း အဆိုပါ OA စာရင်းများတွင် ရှိနေသည့် စာရင်းပိတ်ငွေသားလက်ကျန်သည် 'ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း'၏ လိုငွေအားဖြည့်ဆည်းရာတွင် အထောက်အကူပြုသည်။

ထို့အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေနှင့် ယာယီစာရင်းတို့သည်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းခြင်း၊ ထုတ်ယူသုံးစွဲခြင်း ပြုလုပ်ရသဖြင့် ရငွေများကို ထည့်သွင်းပြီးနောက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ထုတ်ပေးရခြင်းမရှိပါက 'ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း'၏ လိုငွေကို အထောက်အကူပြုသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (Union Fund Account-UFA)နှင့် အခြားစာရင်းရှင်များ (OA) ဖွင့်လှစ်ထားရှိခြင်းအပေါ် ပြန်လည်စိစစ်သုံးသပ်ရန် စိစစ်သုံးသပ်ရေးအဖွဲ့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၁၆) ကို ထုတ်ပြန်၍ တာဝန်ပေးအပ်ထားသည်။

**တိုက်ဆိုင်စစ်ဆေးလျက်ရှိ**

အဆိုပါအဖွဲ့မှ UFA - OA စာရင်းများကို ငွေသွင်းငွေထုတ် ပြုလုပ်လျက်ရှိသည့် စာရင်းနှင့် ငွေသွင်းငွေထုတ် ပြုလုပ်ခြင်းမရှိတော့သည့်စာရင်းဟူ၍ ခွဲခြားစိစစ်နိုင်ရန် မြန်မာ့စီးပွားရေးဘဏ်နှင့် သက်ဆိုင်ရာဌာနများမှ OA စာရင်းများကို တောင်းခံခဲ့သည်။ ယခုအခါ ဘဏ်မှ ပြုစုပေးပို့သည့် UFA - OA စာရင်းများနှင့် သက်ဆိုင်ရာဌာနမှ ပြုစုပေးပို့သည့် UFA - OA စာရင်းများကို တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တိုက်ဆိုင်စစ်ဆေးပြီးပါက ဆက်လက်အသုံးပြုရန် လိုအပ်သောစာရင်းများကို လက်ရှိအတိုင်း ဆောင်ရွက်စေပြီး ဆက်လက်အသုံးပြုရန် မလိုအပ်သောစာရင်းများကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် လုပ်ငန်းလိုအပ်ချက်အရ ထပ်မံဖွင့်လှစ်လိုသည့် UFA-OA စာရင်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်ပြီး ဖွင့်လှစ်ခွင့်ပြုလျက်ရှိသည်။

**သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများအတိုင်း**

ထို့ကြောင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး OA စာရင်းများ ဖွင့်လှစ်ခြင်းကိုလည်း ဥပဒေနှင့်အညီ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများအတိုင်း ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အကျိုးအမြတ်ရရှိနိုင်ရန်နှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၏ စွမ်းဆောင်ရည် တိုးမြှင့်ဆောင်ရွက်လာစေရန်အတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရန် လိုအပ်လာသည်ဟု အကြံပြုရေးသားလိုက်ရပါသည်။ ။

---

❂ စာမျက်နှာ ၆ မှ

(ခ) အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်းနှင့် ကုန်ကျစရိတ် လျှော့ချနိုင်မည့်နည်းလမ်းများ စီစဉ်ဆောင်ရွက်သွားသင့်ပါသည်၊

(ဂ) ပို့ကုန်ဈေးကွက်အတွင်း အရည်အသွေးအရ၊ ဈေးနှုန်းအရ၊ ဈေးကွက်လိုအပ်ချိန်အရ ယှဉ်ပြိုင်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်စီစဉ်သွားသင့်ပါသည်၊

(ဃ) စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်စေရေးနှင့် မစိုက်ပျိုးမီကာလပင် ဈေးနှုန်းခန့်မှန်း သိရှိနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်၊

(င) ဆန်စပါး လက်ကားကုန်စည်ဒိုင်များတွင် စနစ်မှန်ကန်ပြီး အာမခံချက်ရှိသည့် ပုံစံများ ဖြစ်ပေါ်လာရေး ဆောင်ရွက်သင့်ပါသည်၊

(စ) ပုဂ္ဂလိကနှင့် အစိုးရ ပူးပေါင်းပါဝင်၍ (PPP ပုံစံဖြင့်) အရန်ဆန်ကိုပါ ကိုင်တွယ်နိုင်မည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်း၍ ပြည်တွင်းဆန်စပါးကဏ္ဍကို ထိန်းကျောင်းဆောင်ရွက်သင့်ပါသည်၊

(ဆ) စိုက်ပျိုးထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူကြားတွင် အဆင့်များ လျော့နည်းသွားရန်နှင့် အရည်အသွေး မြှင့်တင်နိုင်ရန်အတွက် (Contract Farming)များ ဒေသအလိုက် ပေါ်ပေါက်လာစေရေး စီစဉ်ဆောင်ရွက်သင့်ပါသည်၊ (ယခင်က ဒေသအလိုက် ဆန်စပါးအထူးပြုကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုများ ရှိခဲ့ပါသည်။)

မြန်မာ့ဆန် တင်ပို့မှုအခြေအနေနှင့်ပတ်သက်၍ USDA ၏ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလထုတ် Grain: World Markets and Trade ၏ ဖော်ပြချက်ပါ ဇယားနှင့် သုံးသပ်ချက်အား သိရှိနိုင်ပါရန် ဖော်ပြအပ်ပါသည်။ ။




Burma's (Myanmar's) emergence as a significant supplier is intensifying competition among Southeast Asia rice exporters. In 2017, the country positioned itself as a major player in global rice exports, more than doubling its exports from 2016. Burma is forecast to boost its exports again in 2018 to 3.3 million tons, the same amount as the United States.

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ညောင်ဦး မတ် ၁၁**

Shwe Taung Group နှင့် Maenum Metal Supply Co.,Ltd တို့က ဆောက်လုပ်လှူဒါန်းသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သဲပြင်တောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ပေ (၃၀×၆၀) တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ထိုင်းနိုင်ငံ Maenum Metal Supply Co.,Ltd မှ Ms.Maneerat Neenchaisak ၊ ShweTaungGroupမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ ဗီယက်နမ်နိုင်ငံ သံအမတ် Ms.LuanThuyDuong တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ Shwe Taung Group မှ ဥက္ကဋ္ဌ ဦးအိုက်ထွန်း၊ ဘရာဇီးလ်နိုင်ငံ သံအမတ် Mr.Souza SlivaAntonio Jose MariaDe၊ ထိုင်းနိုင်ငံ ဒုတိယသံအမတ် Mr.Pramoch Chailaivanichkul တို့က ကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ အလှူရှင်များနှင့် ဧည့်သည်တော်များက ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဦးအိုက်ထွန်းက ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Shwe Taung Group မှ ဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် Maenum Metal Supply Co., Ltd. မှ Ms.Maneerat Neenchaisak တို့က ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ညောင်ဦးမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းအေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းသုံးစာရေးကိရိယာများ၊ ကျောပိုးလွယ်အိတ်၊ ထမင်းချိုင့်များ၊ ကွန်ပျူတာ၊ ပရင်တာများနှင့် ကျောင်းအတွက် ရေသန့်စက်၊ အဲကွန်းများကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးခိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာထွန်းခင်နှင့် သဲပြင်တောကျေးရွာ ရပ်မိရပ်ဖ ဦးအေးကိုတို့က ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **ရဲသူရအောင် (ညောင်ဦး)**



# အမြင်မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအဖြစ် နက္ခတ်ဗေဒင်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

**ရန်ကုန် မတ် ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ နက္ခတ်ဗေဒင်သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လူတိုင်းတွင် အခြေခံလူ့အခွင့်အရေးများရှိသဖြင့် မသန်စွမ်းသူများတွင်လည်း တန်းတူအခွင့်အရေးရှိပါကြောင်း၊ ကိုယ်ခန္ဓာမသန်စွမ်းခြင်း၊ ဉာဏ်ရည်မသန်စွမ်းခြင်း၊ အကြားအာရုံမသန်စွမ်းခြင်းနှင့် အမြင်အာရုံမသန်စွမ်းခြင်းများရှိသော်လည်း မသန်စွမ်းသူတိုင်းတွင် အခြားစွမ်းဆောင်နိုင်မှုများရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအပါအဝင် ပြည်သူများအားလုံး ပါဝင်ရန် လိုအပ်ကြောင်း၊ ထိုသို့ပါဝင်နိုင်ရန် မိမိဘဝရပ်တည်ရေးနှင့် အခြားသူများအတွက်ပါ အကျိုးပြုနိုင်ရေး “မသန်သော်လည်း စွမ်းသောသူများ” ဖြစ်စေရန် လိုအပ်ကြောင်း၊ ထို့အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တတ်မြောက်ခြင်းသည် အရေးကြီးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအပြင် ပြန်လည်ထူထောင်ရေးဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းများအတွက် သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ ကိုယ်စီတတ်မြောက်ထားသည့်ပညာဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် မသန်စွမ်းများ၏အခွင့်အရေးကို ပိုမိုဆောင်ရွက်နိုင်စေရန် ဥပဒေ၊ နည်းဥပဒေဖြင့် အမျိုးသားကော်မတီတို့ကို ဖွဲ့စည်းထားပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းစီမံချက်များ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး နက္ခတ်ဗေဒင်သင်တန်းဆင်း ကျောင်းသားကျောင်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ပြန်လည်စွန့်လွှတ်မြေများအား သက်ဆိုင်ရာ တောင်သူများထံ ယာယီပုံစံ(၃) ထုတ်ပေးခြင်းနှင့် လျော်ကြေးငွေ ပေးအပ်ပွဲကျင်းပ

**လှိုင်ကော် မတ် ၁၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေများအား သက်ဆိုင်ရာတောင်သူများထံသို့ ယာယီပုံစံ(၃) ထုတ်ပေးခြင်းနှင့် မီးရထား ဘူတာရုံမြေတွင် ပါဝင်သော တောင်သူများထံသို့ လျော်ကြေးငွေပေးအပ်ခြင်း အခမ်းအနားကို မတ် ၁၁ ရက်က လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် စွန့်လွှတ်မြေများအား မူလလက်ငုတ်တောင်သူများထံသို့ ကော်မတီအဆင့်ဆင့်မှ သေချာစိစစ်ပြီး ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မတီတွင် ပြည်သူများအား ကိုယ်စားပြုသည့် လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများက စိစစ်ပြီး မှန်ကန်စွာဖြင့် ယနေ့ အရှုပ်အရှင်းကင်းသည့် မြေယာများအား တောင်သူများလက်ဝယ်သို့ ယာယီပုံစံ(၃) ပေးအပ်နိုင်ခြင်းဖြစ်ကြောင်း၊ စွန့်လွှတ်မြေ ၁၉၄ ဧကအနက် အားနည်းချက်အချို့ကြောင့် တစ်ပြိုင်နက်တည်း မူလလက်ငုတ်တောင်သူများထံသို့ မပေးအပ်နိုင်ခဲ့ကြောင်း၊ ပေးအပ်ရန် ကျန်ရှိသည့် စွန့်လွှတ်မြေများကိုလည်း မူလလက်ငုတ်တောင်သူများထံ ပေးအပ်နိုင်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြည်နယ်သူပြည်နယ်သားများ နစ်နာအောင် ဘယ်တော့မှ လုပ်မည်မဟုတ်ကြောင်း၊ ခွဲဝေမှုများနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိပါကလည်း မိမိထံသို့ အချိန်မရွေး လာရောက် တင်ပြနိုင်ကြောင်း ပြောကြားပြီး သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်၊ စိစစ်ရန်အချက်၊ လမ်းညွှန်ချက်များအား ပြည်သူများ သိရှိစေရေး ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူက လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက မြေပြင်အခြေအနေတွင် အငြင်းပွားမှုလုံးဝမရှိသည့် မြေဧရိယာ ၈၁ ဒသမ ၉၁ ဧကအား တောင်သူ ၄၈ ဦးထံသို့ ယာယီပုံစံ(၃) ထုတ်ပေးခြင်း၊ မီးရထားဘူတာမြေတွင် ပါဝင်သော တောင်သူများအနက် လျော်ကြေးငွေ လက်ခံသူများအား တစ်ဦးလျှင် လျော်ကြေးငွေကျပ် ၁၉၂ သိန်း ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ် လှိုင်ကော်မြို့ ချိကယ်ကျေးရွာအုပ်စုမှ အသုံးမပြုသော မြေဧရိယာ ၁၉၄ ဧကနှင့် မထောခူကျေးရွာအုပ်စုမှ အသုံးမပြုသော မြေဧရိယာ ၁၅ ဧကတို့ကို မူလတောင်သူများသို့ ပြန်လည်လုပ်ကိုင်ခွင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကွင်းဆင်းအသိပညာပေး ဆောင်ရွက်

**ရန်ကုန် မတ် ၁၁**

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP စနစ်) ကို အခြေခံ၍ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်များ စနစ်တကျစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် တောင်သူများအား အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးခြံအတွင်း ပြုလုပ်ခဲ့သည်။

ပညာပေးဆောင်ရွက်မှုကို ရန်ကုန်မြောက်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်၊ မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလွင်၊ ညောင်နှစ်ပင်စိုက်ကွင်းခြံဦးစီးမှူး ဦးအောင်ဌေးနှင့် You and I အဖွဲ့မှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးကြသည်။

ညောင်နှစ်ပင် အထူးဟင်းသီးဟင်းရွက်စိုက်ခင်းမှ ထွက်ရှိသည့် ဓာတုကင်းစင်သည့် ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် စိမ်းလန်းသမဝါယမအဖွဲ့တို့က ရန်ကုန်တိုင်းဒေသကြီးရှိ ဈေးများသို့ တင်ပို့ရောင်းချနေသည့်အပြင် ပြည်ပသို့တင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆောင်ရွက်မှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားမှု၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ စိုက်ပျိုးတောင်သူ ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇာဏီ**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



**ဟားခါး မတ် ၁၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် ထန်တလန်မြို့နယ် သီကီရ်ကျေးရွာအနီးရှိ သီကီရ်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက သဘာဝအခြေခံသော အပန်းဖြေစခန်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် စိမ်းလန်းစိုပြည်၍ ရာသီအလိုက် လှပသောသစ်ပင်များ စိုက်ပျိုးသွားရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးဆောင်ရွက်သွားရန် ပြောကြားခဲ့ပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သီကီရ်ကျေးရွာသို့ သွားရောက်ကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

သီကီရ်ရေလှောင်တမံစီမံကိန်း လုပ်ငန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက ဖော်ထုတ်ပေးထားသည့် စိုက်ပျိုးမြေဧရိယာဧက ၅၅၀ ခန့်အားစိုက်ပျိုးရေပေးဝေနိုင်ခြင်း၊ သီကီရ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများ သောက်သုံးရေ ရရှိနိုင်ခြင်း၊ အသေးစားရေအားလျှပ်စစ်ကီလိုဝပ် ၅၀ ထုတ်လုပ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေခြင်းစသည့် အကျိုးကျေးဇူးများကို အချိန်တိုအတွင်း ဆောလျင်စွာ ရရှိခံစားနိုင်မည်ဖြစ်ပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့နောက် ထန်တလန်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပြီး မြို့သာယာလှပရေး၊ စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ ကမမောင်းမြို့ ကိုးနဝင်းကျောင်းအတွက် ရိက္ခာဆန်ဖိုးငွေ ထောက်ပံ့လှူဒါန်း

**ဘားအံ မတ် ၁၁**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် ဖာပွန်မြို့နယ် ကမမောင်းမြို့ ကိုးနဝင်းကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလအား သွားရောက် ဖူးမြော်ကြည်ညိုပြီး ကိုးနဝင်းပညာရေးကျောင်းအတွက် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့လှူဒါန်းသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်နှင့် ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်းတို့က နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဖာပွန်မြို့နယ် ကမမောင်းမြို့ ကိုးနဝင်းကျောင်းအတွက် ဆန်အိတ် ၇၃၀ အတွက် ရိက္ခာဆန်ဖိုးငွေကျပ် ၁၆၄၃၅၀၀၀ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကိုးနဝင်းပညာရေးကျောင်းရှိ တက္ကသိုလ်ဝင်စာပေးပွဲဖြေဆိုနေကြသည့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံပြီး ဩဝါဒစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်ပြီး 33/11 KV, 5 MVA ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်က စက်ရုံတည်ဆောက်ခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

အဆိုပါ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဓာတ်အားလိုင်းဖြတ်သန်းသွားရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် ကမမောင်းဧရိယာတစ်ခုလုံး လျှပ်စစ်မီးရရှိမည်ဖြစ်ပြီး ယခုအခါ ၈၀ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ အမှတ်(၂)ရပ်ကွက်တွင် မတ် ၉ ရက်က ဖြစ်ပွားခဲ့သော မီးဘေးသင့် အိမ်ထောင်စုတစ်စု (လူဦးရေ ခြောက်ဦး)အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ တစ်အိမ်ထောင်စုစာ Family Kit တစ်စုံ၊ အိမ်ဆောက်ပစ္စည်းဖိုး ကျပ်နှစ်သိန်း၊ ဆန်ရိက္ခာခုနစ်ရက်စာကျပ် ၁၂၆၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကမမောင်းမြို့ အုန်းတောကျောင်းစာချဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် လမ်းလျှောက်သင်္ကြန်ကျင်းပမည်

**မြစ်ကြီးနား မတ် ၁၁**

ယခုနှစ် သင်္ကြန်ပွဲတော်ကာလတွင် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်အတွင်းရှိ ဇော်ဂျွန်းလမ်း (ကမ်းနားလမ်း)တွင် ပထမဆုံးအကြိမ်လမ်းလျှောက်သင်္ကြန် ကျင်းပသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မတ် ၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် အစည်းအဝေးကျင်းပရာမှ ယခုနှစ်သင်္ကြန်ပွဲတော်ကို ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ရည်ရွယ်၍ လမ်းလျှောက်သင်္ကြန် ကျင်းပရန်စီစဉ်ရခြင်းဖြစ်သည်ဟု မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းနိုင်က ပြောသည်။

"မန္တလေးတို့ လားရှိုးမြို့တွေမှာလုပ်သလို လမ်းလျှောက်သင်္ကြန်လုပ်မှာပါ။ ရေကစားတဲ့သူတွေ နားနားနေနေဖြစ်အောင် အပေါ်ကနေလည်း ပုသိမ်ထီးတွေ ချိတ်ဆွဲထားပြီး စတုဒိသာမဏ္ဍပ်တွေ၊ ရေကစားမဏ္ဍပ်တွေလည်း အဲဒီလမ်းတစ်လျှောက်မှာ ဆောက်ထားမှာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ဇော်ဂျွန်းလမ်းပေါ်ရှိ စည်ပင်သာယာဈေး (၁) အနီးမှ မင်းရပ်ရပ်ကွက် ကိုယ်ကာယလေ့ကျင့်ရေးအားကစားကွင်းအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရပြီး မတ် ၁၃ ရက် (အကြိုနေ့) ညနေပိုင်းမှ ၁၆ ရက် (အတက်နေ့)အထိ လေးရက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန် ကျင်းပမည့်လမ်းတစ်လျှောက်တွင် ယာဉ်ဝင်ခွင့်များကို ပိတ်ထားမည်ဖြစ်ပြီး လမ်းလွှဲများမှသာ မောင်းနှင်စေမည်ဖြစ်ကာ ယခုနှစ်သင်္ကြန်ကာလအတွင်း ဗဟိုမဏ္ဍပ်အပြင် ရပ်ကွက်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနများကလည်း သီးခြားမဏ္ဍပ်များ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**





# ဝက်လက်မြို့နယ်၌ ရေဆိုးချောင်းတူးဖော်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**ဝက်လက် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျောက်တိုင်ကျေးရွာ ကျီးချောင်းရေဆိုးချောင်း ချဲ့ထွင်တူးဖော်နေမှုကို မတ် ၁၁ ရက်က တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးကမ်ဇာမုံ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်း၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေ၊ ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးရဲမြတ်ထွန်းနှင့် တာဝန် ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဝက်လက်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန် ဆည်ရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်နွေစပါးစီမံကိန်းလျာထားဧက ၂၈၂၃၀ နှင့် အခြားသီးနှံ လျာထားဧက ၅၂၅၀၀ တို့ ပြည့်မီကျော်လွန်အောင် ဆည်ရေပေးဝေကာ စိုက်ပျိုးသွားနိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

**စိုးစိုးလှိုင်(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး လှုပ်ရှားမှုကော်မတီ(ရွှေပြည်သာ)က လူထုဆန္ဒပြုလက်မှတ်များရရှိရေး မတ် ၁၇ ရက်တွင် စတင်မည်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက် ကာယကံမေတ္တာလူမှုကူညီရေးအသင်းရုံးတွင် မြို့နယ်ပရဟိတအဖွဲ့များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၆ ရက်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး လှုပ်ရှားမှုကော်မတီ(ရွှေပြည်သာ) ကို အလုပ်အမှုဆောင် ၂၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ရပ်ကွက်အသီးသီးရှိ ပရဟိတအသင်းဝင်များ၏ အကူအညီဖြင့် လူထုဆန္ဒပြုလက်မှတ်များ ကောက်ခံရေးကို လူထုလှုပ်ရှားမှု ကမ်ပိန်အသွင် ပြုလုပ်သွားရန် နဝရတ်ဈေးအနီးတွင် လူထုလက်မှတ်များ ရရှိရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအဖွဲ့သည် ရွှေပြည်သာမြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားပါက အကူအညီပေးရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လက်ရှိတွင် ဇီးကုန်း၊ ဘုံရှည်ကုန်း၊ သာစုကျေးရွာ၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရပ်ကွက်များရှိ ပရဟိတအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ အပတ်စဉ် အစည်းအဝေးပြုလုပ်ခဲ့ကာ လူထုဆန္ဒပြုလက်မှတ်များရရှိရေး ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ပူးပေါင်းပါဝင်လိုသော မြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့များ အနေဖြင့် ဦးသက်မူ ဖုန်း-၀၉-၄၂၀၄၀၄၇၀၊ ဦးစောမိုးထိုက် ၀၉-၂၅၃၂၀၅၆၆ နှင့် ဦးလင်းအောင် ၀၉-၂၅၀၄၉၃၇၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုမိုး(ရွှေပြည်သာ)**



ကြေးမုံ



# နာဂချစ်စိတ်၊ အဖေချစ်စိတ်တို့ဖြင့် နာဂဒေသဖွံ့ဖြိုးရေးကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အဆိုတော်သရုပ်ဆောင် မာရီကိုးလ် ပြော

**မုံရွာ မတ် ၁၁**

ဖခင်ဖြစ်သူ နာဂလူမျိုးဖြစ်စေချင်သော နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နာဂချစ်စိတ်၊ အဖေချစ်စိတ်တို့ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အဆိုတော် သရုပ်ဆောင် မာရီကိုးလ်က မတ် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်၌ တွေ့ဆုံစဉ် ပြောသည်။

"ကျွန်မရဲ့ အဖေက နာဂလူမျိုးပါ၊ အဖေ့ကိုလည်း ချစ်တယ်၊ အမေ့ကိုလည်း ချစ်တယ်၊ အဖေကတော့ အခုဆုံးသွားပါပြီ၊ အဖေက နာဂလူမျိုးတွေအတွက် အလွန်ကို ဖြစ်စေချင်တယ်၊ အဖေက စစ်သားပါ၊ အဖေက အမြဲတမ်း ပြောလေ့ရှိတယ်၊ နာဂလူမျိုးတွေအတွက် အောင်မြင်စေချင်တယ်၊ ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ လူမျိုးတွေက အလွန်နိမ့်ကျနေတာဆိုတော့လေ၊ အဲဒါကို ကျွန်မစိတ်ထဲ အမြဲရှိတယ်၊ အဲဒီချစ်တဲ့စိတ်နဲ့ပဲ နာဂဖွံ့ဖြိုးရေးတွေကို လုပ်နေတာပါ"ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်က မတ် ၉ ရက် ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဂုဏ်ပြုပွဲ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော အမျိုးသမီးသုံးဦးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ရာ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သံတမန်အဖြစ် ခန့်အပ်ခြင်းခံရသူ အဆိုတော်သရုပ်ဆောင် မာရီကိုးလ်ကိုလည်း ပေးအပ်ခဲ့သည်။

"နာဂဒေသကို ကာကွယ်ဆေးထိုးဖို့သွားတယ်၊ ကလေးတွေက မမြင်မတွေ့ဖူးတော့ ထွက်ပြေးကြတယ်၊ ဆရာဝန်တွေ ဆေးအဖွဲ့တွေအတွက်က တော်တော်လေး အဆင်မပြေဖြစ်ခဲ့ရတယ်၊ ဝယ်လာတဲ့ဆေး ဆုံးရှုံးမှုတွေလည်း ဖြစ်ခဲ့တယ်၊ ဒါတွေကို ကျန်းမာရေးအသိပညာ မျှဝေရအောင်လို့ နာဂအများစုချစ်တဲ့ ကျွန်မကို ကျန်းမာရေးစောင့်ရှောက်မှုပြုရာမှာ အထောက်အကူရအောင်ဆိုပြီး



တာဝန်ပေးခဲ့တာပါ၊ သံတမန်အနေနဲ့ ခန့်အပ်လိုက်တာပါ၊ ကျွန်မကိုယ်တိုင်ကလည်း နာဂတွေကို ချစ်တယ်၊ ဘယ်နေရာ ဘယ်ဒေသ ဘယ်နိုင်ငံရောက်ရောက် ကိုယ့်ရဲ့ နာဂဆိုတာကို ဖော်ကျူးလေ့ရှိတယ်၊ ကျွန်မကိုယ်တိုင်က နာမည်ကြီးချင်လို့ လုပ်ခဲ့တာမဟုတ်ပါဘူး၊ လူကြီးတွေအနေနဲ့လည်း နာဂဒေသ ဖွံ့ဖြိုးဖို့အတွက် တစ်ဖက်တစ်လမ်းက ပံ့ပိုးမှု ဖြစ်နိုင်တယ်လို့ ယုံကြည်ပြီး သံတမန်အဖြစ် ခန့်အပ်တာလို့ မြင်ပါတယ်"ဟု မာရီကိုးလ်က လက်ရှိ နာဂဒေသအခြေအနေကို ရှင်းပြသည်။

"နာဂဒေသက အတော်လေး တိုးတက်လာပါပြီ၊ အရင်က နှစ်ညအိပ်သုံးရက်လောက် သွားမှရောက်တဲ့ နေရာက အခုဆို ကားလမ်းပေါက်လို့ တစ်ရက်လောက်ဆို ရောက်နေတဲ့ အနေအထားပါ၊ အဓိကကတော့ နာဂဒေသမှာ ပညာရေးအလွန်အားနည်းပါတယ်၊ နာဂလူမျိုးတွေက တောင်ကုန်းတွေမှာ ရွှေ့ပြောင်းတောင်ယာစိုက်တဲ့စနစ်နဲ့နေတော့ သူတို့ရွှေ့တဲ့နေရာတိုင်းကိုလည်း လမ်းဖောက်တာတို့၊ ဘာတို့ဆိုတာကိုလည်း မလုပ်ပေးနိုင်ဘူး၊ အဲဒီလိုဟာမျိုးတွေကို အသိပညာပေးနိုင်မယ်ဆိုရင် ကောင်းလာပါမယ်၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးနည်းစနစ်မဟုတ်ဘဲ ဘယ်လိုနည်းနဲ့ စိုက်လို့ရနိုင်မလဲ ပညာရေးဗဟုသုတတွေ ပေးဖို့လိုပါတယ်"ဟု ဆက်လက်ပြောပြသည်။

အားမလို အားမရဖြစ်နေသော နာဂဒေသအခြေအနေကို မာရီကိုးလ်က ပြောပြရင်း ပြောင်းလဲလိုသည်များကို ပြောပြရာတွင် "ကျွန်မ နာဂဒေသသွားတော့ ဘိန်းစိုက်ခင်းတွေ တွေ့တယ်၊ တစ်ပိုင်တစ်နိုင်စိုက်ကြတာပါ၊ စီးပွားဖြစ်လည်းမဟုတ်ဘူး၊ အိမ်တိုင်းမှာက အမျိုးသားတွေက ခပ်ပုံ့ရှူတာနဲ့ နေနေကြတယ်၊ သူတို့က အလုပ်မလုပ်ကြဘူး၊ အဲဒါမျိုးတွေက မဖြစ်သင့်ဘူး၊ ဒါက ဘာကြောင့်လဲ၊ ဘာကြောင့်မို့ ဒါတွေ မပြောင်းလဲနိုင်သေးတာလဲဆိုတာကို လေ့လာပြီး ပြောင်းလဲပေးနိုင်ရင် အများကြီးတိုးတက်သွားမယ်လို့ ကျွန်မယုံကြည်ပါတယ်၊ အမျိုးသမီးတွေက တောင်ယာသွားခုတ်တယ်၊ အမျိုးသားတွေက အေးရာအေးကြောင်း အေးအေးဆေးဆေး လိုက်သွားတယ်၊ ပြောချင်တာက နာဂအမျိုးသားတွေက အလုပ်ကို လက်ကြောတင်းတင်း မလုပ်ကြတာတွေ့တော့ စိတ်မကောင်းဖြစ်မိတာကိုပါ၊ ဒါမျိုးတွေမဖြစ်စေချင်ဘူး၊ ဒါတွေကို ပြောင်းလဲပေးချင်တယ်" ဟုပြောပြသည်။

**သံတိုင်ထွန်း**

## ကင်းထောက်လူငယ်နှင့် အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**ရပ်စောက် မတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် လွယ်ဆင်ကျေးရွာ အမကမူလွန်(လွယ်ဆင်)ကျောင်း၌ ကင်းထောက်လူငယ်နှင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်း(၁/၂၀၁၈) ဆင်းပွဲကို မတ် ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားကို အမကမူလွန်(လွယ်ဆင်)ကျောင်းမှ ကျောင်းသား ကျောင်းသူများက"ကြက်ခြေနီ" သီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ရပ်စောက်မြို့နယ် မြို့နယ်ရဲမှူး ဦးအေဝမ်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်တို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကင်းထောက်လူငယ်နှင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းနည်းပြများကိုလည်း အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက အခြေခံရှေးဦးပြုစုခြင်းကို သရုပ်ပြသခဲ့ပြီး "အဆင်သင့်" သီချင်းဖြင့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မတ် ၆ ရက်မှ ၁၁ ရက်အထိ ခြောက်ရက်တာ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသားသင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မီးမီး(ရပ်စောက်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၁ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဦးဘရင် | ဟံသာဝတီ ဦးဘရင် | ၂၂၀၀ | စိတ်ကူးချိုချို |
| ၂ | ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားလဲ | ယူရီပိုင် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၃ | ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လျှောင်းတော်မူ-၉ဆူ | မြိတ်ဝင်းဇင် | ၂၅၀၀ | သစ္စာအလင်း |
| ၄ | သူတို့တိုက်ခဲ့သော BGP နှင့်တိုက်ပွဲများအမှတ်-၂ | သောင်းဝေဦး | ၄၀၀၀ | မြရတနာ |
| ၅ | အပြုစိတ်ထား တန်ခိုးစွမ်းအား | မြတ်ငွေမောင် | ၄၀၀၀ | ယောမင်းကြီး |
| ၆ | လူငယ်လမ်းညွှန်ဘဝ မီးရှူးတိုင် | ကြည်ရွှန်း | ၂၅၀၀ | Wisdom house |
| ၇ | အရှေ့တံခါးမှ နဂါးခြေရာ | ဒေါက်တာ ထွန်းရွှေ | ၃၀၀၀ | မျိုးဆက်သစ် |
| ၈ | ခေတ်သစ် မြန်မာပြည်အား ဖန်တီးပုံဖော်ခြင်း | သန့်မြင့်ဦး | ၆၅၀၀ | Myanmar book center |
| ၉ | ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့ | ပါမောက္ခ Dr. အောင်ထွန်းသက် | ၁၀၀၀ | မဇ္ဈိမ |
| ၁၀ | မျိုးပွားပုံယူတူမတူ | ဖိုးကျော့ | ၁၇၀၀ | စိတ်ကူးချိုချို |
| ၁၁ | ရတနာဂီရိခရီးသည် | မောင်သန်းဆွေ | ၂၀၀၀ | နန်းဒေဝီ |
| ၁၂ | ဗမာကအင်္ဂလိပ် ဘာသာပြန်စံပြ | မောင်သာနိုး | ၃၅၀၀ | လောကသစ် |
| ၁၃ | ၂မိနစ်စာ အောင်မြင်ရေး-၁၀၀ | ကိုသူရ | ၂၅၀၀ | Smart စာပေ |
| ၁၄ | အိုမာရ်ခိုက်ယမ်းရဲ့ ရူဘိုက်ယက် | မောင်သာနိုး | ၃၀၀၀ | ကွမ်းခြံလမ်း |
| ၁၅ | မူရကာမိ၏မူရကာမိ | ရဲမြလွင် | ၄၀၀၀ | ကွမ်းခြံလမ်း |
| ၁၆ | တိမ်ပန်းတိုင် | လင်္ကာရည်ကျော် | ၃၀၀၀ | နန်းဒေဝီ |
| ၁၇ | သံလွင်ရေကားစီးမြဲပင် | ရဲထွဋ် | ၁၅၀၀ | Bmedia wash စာပေ |
| ၁၈ | မြန်မာနိုင်ငံသိုလှောင်သီးနှံများတွင် ကျရောက်လေ့ရှိသော အင်းဆက်ဖျက်ပိုးများ | ဒေါက်တာကိုကို | ၂၀၀၀ | ဒေါက်တာကိုကို |
| ၁၉ | ခြုံသံနှင့် ကျေးလက်သဘာဝ ရယ်ရွှင်ဖွယ်ဝတ္ထုတိုများ | မောင်သစ်ဦး | ၂၀၀၀ | ယဉ်မျိုး |
| ၂၀ | Real lives Real Stories Volume 43 March | ကလောင်စုံ | ၄၅၀၀ | The book house |
| ၂၁ | ခက်ခတ်ခပ် | ကောင်းမြတ်ထူး | ၂၅၀၀ | အိပ်မက်သစ် |
| ၂၂ | ချာလီချက်ပလင် | The key collection | ၁၅၀၀ | The key collection |
| ၂၃ | အခြားသူတို့၏ ဝတ္ထုတိုများ | မြင့်သန်း | ၁၅၀၀ | The key collection |
| ၂၄ | လွတ်လပ်သောလူသား | ခင်မောင်လွင် | ၁၀၀၀ | ရွှေသစ္စာ |
| ၂၅ | နားဦးစိုက်ချ ဦးတော့မယ် | မင်းဆက် | ၁၅၀၀ | ယဉ်မျိုး |
| ၂၆ | တွေ့ဘိနှင့်တွေးသိ | ဦးတင်ဦး | ၂၅၀၀ | Wisdom house |
| ၂၇ | ဟိုး---ရှေ့မှာပန်းတိုင်ရှိတယ်လား-သွားကြစို့ | ကလုံစေးထူး | ၃၀၀၀ | ယဉ်မျိုး |
| ၂၈ | နှစ်ကျွန်းပြန် သံမဏိနှစ်ဦး | သခင်မြသန်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၂၉ | ဖွင့်ပြောဖြစ်ခဲ့ရင် --- | ကိုကို | ၁၅၀၀ | Dr. Ko Ko |
| ၃၀ | ရာဟုလာသံကိစ္စည်း၏ သီဟသေနာပတိ | ပါရဂူ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၃၁ | မှိန်ပြပြအနာဂတ် ကြယ်ပွင့်များ | ကိုကိုလင်း | ၂၅၀၀ | ရုပ်ပြောင် |
| ၃၂ | ဘာမှမရတဲ့ဘဝတော့ မဟုတ်ဘူး-သတိရတယ် | ဝေးခေါင် | ၂၀၀၀ | နှင်းဆီဖြူ |
| ၃၃ | ကဗျာမောင့်ကြောင့် ဖြစ်ရတယ် | ခရမ်းပြာ | ၁၅၀၀ | လူငယ်တစ်ယောက် |
| ၃၄ | အတွေးအမြင် အမှတ် (၁၀၈)မတ် (၂၀၁၈) | ကလောင်စုံ | ၂၅၀၀ | ဒေါင်းစာပေ |
| ၃၅ | ဘယ်အရာမှ စကားလုံးများ လောက်မကျယ်လောင် | မောင်ဒေး | ၂၀၀၀ | နှင်းဆီဖြူ |
| ၃၆ | အိမ်ပြန်ချင်တဲ့သူကို တံခါးဖွင့်ပေးတာ ဥပုသ်မစောင့်ဘဲ ကုသိုလ်ရတယ် | မောင်မောင်ငြိမ်းအေး | ၂၅၀၀ | ရှင်မတောင် |
| ၃၇ | မီးဘုရင်မ | ကိုဆွေ | ၂၀၀၀ | ကျော်မွှေး |
| ၃၈ | လတ်တလော အနေအထား (ကဗျာ) | ကလောင်စုံ | ၁၅၀၀ | ဆိပ်ကမ်းသာ |
| ၃၉ | တောဆင်ရိုင်းနှင့် စိုင်သင်းကွဲ | မိုးအောင်တင် | ၂၅၀၀ | စိတ်ကူးသစ် |
| ၄၀ | ကမ္ဘာကမမေ့နိုင်သည့် ကမ္ဘာ့ခေါင်းဆောင် နယ်ဆင်မန်ဒဲလား | ဇင်မျိုး | ၉၀၀ | စိတ်ကူးချိုချို |
| ၄၁ | နိုင်ငံများ၏ ကျဆုံးခန်း | နေသီဟ | ၅၀၀၀ | မျိုးဆက်သစ် |
| ၄၂ | လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ-၉ | ကလောင်စုံ | ၅၀၀၀ | လင်းလွန်းခင် |
| ၄၃ | ဧတဒဂ်ရှင် ကဗျာဆရာ | မောင်မင်းစိုး | ၁၅၀၀ | ရွှေနံ့သာစာပေ |
| ၄၄ | HUMAN RESOURCE | Saw Cary Win | ၂၅၀၀ | Global Peace Group |
| ၄၅ | စံတော်ချိန်မန္တလေး | ဆူးငှက် | ၃၀၀၀ | စာပေခရီးသွားများ |
| ၄၆ | စရိတ်၊ လစာနှင့် ချီးမြှင့်ငွေဥပဒေများ | ကျော်မောင်မောင် | ၁၇၀၀ | စိတ်ကူးချိုချို |
| ၄၇ | စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ | ကျော်မောင်မောင် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၄၈ | ဒဏ်ရာများနဲ့ မိုးကောင်းကင် | ကျွန်းစဉ်မြေ စောခက် | ၃၀၀၀ | ဘဝပင်လယ်စာပေ |
| ၄၉ | ရာထူးဝင်ခွင့် (၂၀၁၈-၂၀၁၉) | မောင်ကြယ်စင် (ရန်ကုန် တက္ကသိုလ်) | ၄၀၀၀ | ကြယ်စင်စာပေ |



# မောင်တောမြို့၌ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**မောင်တော မတ် ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ လူမှုကူညီရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲကို သာသနာ့ဗိမာန်တော်ကြီး၌ ယနေ့ဖွင့်လှစ်ခဲ့သည်။

နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး စစ်တွေမြို့ ကုန်တန်းရပ်ကွက် ပညာအောင်မြေဆရာတော် အာဒိစ္စက ငါးပါးသီလချီးမြှင့်ပေးခြင်း၊ သင်တန်းပို့ချမည့် သံဃာတော်များနှင့် စစ်တွေမြို့မှ ဆရာ ဆရာမများက မိတ်ဆက်ပေးကြပြီး သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မောင်တောမြို့နယ် လူမှုကူညီရေးအသင်းကိုယ်စား ဦးအောင်ဇော်ဖြိုးက မောင်တောမြို့ရှိ ဗုဒ္ဓဘာသာဝင် ကလေးသူငယ်များ၊ လိမ္မာယဉ်ကျေးလာစေရန်နှင့် မိမိတို့၏ဘာသာတရားအား သိရှိနားလည်တန်ဖိုးထားတတ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်ဟု ပြောသည်။

ဖွင့်ပွဲတွင်ဌာနဆိုင်ရာများ မြို့မိမြို့ဖများ တက်ရောက်ကြပြီး သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၆၅ ဦး တက်ရောက်ကြသည်။ သင်တန်း ဖြစ်မြောက်ရန်အတွက် နတ်မြစ်မဟီအသင်းက ငွေကျပ်ငါးသိန်း လှူဒါန်းခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# ပလက်ဝ-ဆမီး ခရီးသည်သီးသန့် ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

**ပလက်ဝ မတ် ၁၁**

ချင်းပြည်နယ် ပလက်ဝမှဆမီးသို့ ရှာလုမ် လူစီးသီးသန့် အမြန်ယာဉ်လိုင်း မတ် ၉ ရက်မှစ၍ တစ်နေ့လျှင်နံနက် ၇ နာရီတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီ တစ်ကြိမ် ခေါက်ရေနှစ်ကြိမ်နှုန်းဖြင့် ပြေးဆွဲလျက်ရှိကြောင်းသိရသည်။

ပလက်ဝမြို့မှ ဆမီးမြို့သို့ခရီးသွားလာရာတွင် ယခင်က ပလက်ဝမှ ကုလားတန်မြစ်ကြောင်းဖြင့် ကျောက်တော်မြို့နယ် မီးဝကျေးရွာ ယင်းမှတဖန် မီးချောင်းအတိုင်းဆမီးမြို့သို့ ရေကြောင်းလမ်းတစ်ခုတည်းဖြင့်သာ စုန်၊ ဆန်သွားလာကြရသဖြင့် ပလက်ဝမှဆမီးသို့ နံနက် ၇ နာရီ ထွက် ပဲ့ထောင်စက်လှေများသည် လမ်းခရီးကျေးရွာအဝင်၊ အထွက်ခရီးဖြင့် ခုနစ်နာရီကြာ ပြေးဆွဲခုတ်မောင်းကာ ဆမီးမြို့၌ ညအိပ်ရပ်နားသွားလာခဲ့ရသည်။

ယခုအခါ ပလက်ဝ-ဆမီး-မတူပီ လမ်းပိုင်းမှ ပလက်ဝ-ဆမီးကားလမ်းအတိုင်း ကင်ချောင်းဝမှ ဆမီးမြို့သို့ နေချင်းပြန် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

❖ **ကျောဖုံးမှ**

၁၅ မိနစ်တွင် စစ်ကိုင်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရကာ ဖရိုင်းဒေးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် အားထည့်ကစားလာပြီး ဂိုးသွင်းခွင့် အပြန်အလှန်ရခဲ့သော်လည်း စစ်ကိုင်းအသင်းက အခွင့်အရေးကို အသုံးချနိုင်ခဲ့သောကြောင့် အနိုင်ဂိုးရခဲ့သည်။ စစ်ကိုင်းအသင်းအတွက် အနိုင်ဂိုးကို ၆၁ မိနစ်တွင် သီဟဇော်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် စစ်ကိုင်းအသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး မြဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းမှု အဆုံးသတ်ခဲ့ရသည်။ မြဝတီအသင်းသည် ရှစ်ပွဲကစားအပြီးတွင် နိုင်ပွဲမရသေးဘဲ နှစ်ပွဲသရေ ခြောက်ပွဲရှုံးထားသည်။

ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မကွေးအသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၅ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ဟံသာဝတီအသင်းက ၁၂ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ဧရာဝတီနှင့် Southern အသင်းက ကိုးမှတ်စီ၊ စစ်ကိုင်းအသင်းက ရှစ်မှတ်၊ GFA အသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်(ဝါးတရာ)ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ် ၃၊ ၄၊ ၆၊ ၉ သစ်စက်၊ ကော်စက်ရုံ အမှတ် ၆၊ ၇၊ ၉၊ ပရိဘောဂစက်ရုံ၊ ကျွန်းသစ်ဆိပ်၊ သစ်မာသစ်ဆိပ်တို့၏ နွေရာသီ မီးငြိမ်းသတ်ခြင်း မွမ်းမံသင်တန်းကို မတ် ၅ ရက်မှ ၉ ရက်အထိ အမှတ်(၄) သစ်စက်၌ ပြုလုပ်စဉ်။ ကိုအောင်





# သစ်ကြီးတောကျေးရွာ မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းများ နေ့ချင်းပြီးထုတ်ပေး

**ရေစကြို မတ် ၁၁**

ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာ မီးဘေးသင့်ပြည်သူများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေစကြိုမြို့နယ်ဦးစီးမှူးရုံးမှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆)များကို နေ့ချင်းပြီး ထုတ်ပေးကြောင်း သိရသည်။



အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆) ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၁ ရက် နံနက်က သစ်ကြီးတောကျေးရွာ မီးဘေးကယ်ဆယ်ရေးစခန်း အထက်တန်းကျောင်း(ခွဲ)ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင်တို့က အဖွင့်အမှာစကားများပြောကြားကြပြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင်နှင့် ရေစကြိုမြို့နယ်ဦးစီးမှူး ဦးမျိုးမြတ်သူတို့က အိမ်ထောင်စုလူဦးရေစာရင်းများကို အိမ်ထောင်စုအလိုက် ပေးအပ်ကြသည်။

ယနေ့ပေးအပ်သော အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆)များမှာ မီးဘေးသင့်အိမ်ထောင်စု ၁၆၇ စု အနက် မီးလောင်မှုတွင်ပါဝင်သွားသော အိမ်ထောင်စု ၁၄၇ စုတို့၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆) မိတ္တူမှန်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် မီးလောင်ရာတွင် ပါဝင်သွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆက်လက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေစကြိုမြို့နယ်ဦးစီးမှူး ဦးမျိုးမြတ်သူထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

✪ **ဖိလစ်ပိုင်ကလပ်မှ**

ဂလိုဘယ်အသင်းနှင့် ရန်ကုန်အသင်းသည် မတ် ၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မနီလာမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းပါဝင်သော အုပ်စု (G) တွင် ရန်ကုန်အသင်းက သုံးပွဲစလုံးအနိုင်ရကာ အုပ်စုကိုဦးဆောင်နေပြီး အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းက လေးမှတ်၊ ဗီယက်နမ်ကလပ် ထန်ဟွာအသင်းက သုံးမှတ်၊ ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းက တစ်မှတ်ရထားသည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရပါက အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အခွင့်အရေးများသွားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**



# ကျပ်သိန်းပေါင်း ၁၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူမူးနှံ့များ သိမ်းဆည်းရမိ

**မြစ်ကြီးနား မတ် ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မတ် ၉ ရက် ည ၈ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရှာဖွေရာမှ ကျပ်သိန်းပေါင်း ၁၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူမူးနှံ့များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ ဒုတိယရဲအုပ် ကျော်ကျော်တင့်ဆွေနှင့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသယ်ဆောင်လာသည့် သတင်းအရ ဗလမင်းထင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စောင့်ဆိုင်းနေစဉ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ပန်ရှန်ကျေးရွာနေ သောင်းဇူ(၂၅)နှစ် မောင်းနှင်ပြီး သောင်းစီး(၂၄)နှစ်နှင့် သောင်းဝူ(၂၂)နှစ်တို့ လိုက်ပါလာသည့် ယာဉ်အမှတ် MDY-1N(----)HILUX SURF ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ဖုံးအတွင်း သို၀ှက်ထည့်ထားသည့် ဘိန်းဖြူဆပ်ပြာခွက် ၂၂၀ (အလေးချိန် ၂ ဒသမ ၄၂ ကီလို)ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၁၉၃၆၀၀၀၀၀ နှင့် ဘိန်းဆီ အမျှင်ခြောက်(ခတ်ပုံ) ၆၀၀ ဂရမ်အား သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများမှာ ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ် ဂျာရိန်ယန်ကျေးရွာနေ မရမ်ဘရန်ဂျာ(၂၈)နှစ်မှ အခကြေးငွေဖြင့် သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဆက်လက်စုံစမ်းဖော်ထုတ်ရာ မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် မရမ်ဘရန်ဂျာအား ယာဉ်အမှတ် YGN-3H(----) LAND CRUISER CYGNUS နှင့်အတူ ဖမ်းဆီးရမိခဲ့၍ သောင်းဇူ၊ သောင်းစီး၊ သောင်းဝူနှင့် မရမ်ဘရန်ဂျာတို့ လေးဦးအား ဝိုင်းမော်နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။



**ဝင်းနိုင်(ကချင်မြေ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၉ စီး၊ သွင်းကုန် ၉၂၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၇၀၊ သွင်းကုန် ၂၀၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၉၃၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၅၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၄၅၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းဖြစ်သည့် သစ်ဆိပ်ပင်ကျေးရွာသို့ ရှောင်တခင်သွားရောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Versa Express (RF-640) Inkjet Printer Brand New (1) Unit (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်ဘီမြို့နယ် မချစ်စု အထည်ချုပ်စက်ရုံ မီးလောင်

**မော်ဘီ မတ် ၁၁**

မော်ဘီမြို့နယ် သနွေပင်ကျေးရွာအုပ်စု ဆပ်သွားတောကျေးရွာ ညောင်နှစ်ပင်လမ်းရှိ မချစ်စု အထည်ချုပ်စက်ရုံ၌ မတ် ၁၀ ရက် ည ၉ နာရီခွဲက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း မော်ဘီမြို့မရဲစခန်းမှ သိရသည်။

မီးစတင်လောင်ကျွမ်းစဉ်က Level 1 အဆင့်ဖြင့် မီးသတ်ကားများ ရောက်ရှိ ငြိမ်းသတ်ခဲ့သော်လည်း မီးမထိန်းနိုင်သဖြင့် ည ၉ နာရီ မိနစ် ၄၀ တွင် Level 2 အဆင့် မီးသတ်ကားများလွှတ်၍လည်းကောင်း၊ ည ၁၀ နာရီ ၅၆ မိနစ်တွင် Level 3 အဆင့်ဖြင့် မီးသတ်ကားများထပ်မံလွှတ်၍ ငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း မော်ဘီမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မချစ်စုအထည်ချုပ်စက်ရုံမှ လုံခြုံရေးတာဝန်ခံဦးငွေလွင်အား မော်ဘီမြို့မရဲစခန်းက (ပ)၂၂၈/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ၂၈၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရွှေမြင့်ဦး(ရွှေပြည်သာ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၃-၂၀၁၈ (တနင်္လာနေ့)**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ MRTV Travelogue
၈း၃၅ “ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ” (၃၅)
၈း၄၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၁၅ “နာဂတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ဆီ”
၉း၄၀ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ Segovia (Spain)
၁၀း၃၀ စိုက်ပျိုးရေးရာအဖြေရှာ “စက်မှုလယ်ယာသင်တန်းကျောင်း” (မိတ္ထီလာမြို့)
၁၁း၀၀ လုံမမှတ်စု (အပိုင်း-၂၈)
၁၁း၁၀ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၄၅ “မြွေဟောက်ဒူးပုံ”
၂း၃၀ Tasty Trip
၃း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်စင်ခတဲ့နှလုံးသား” (အပိုင်း-၃၉)
၄း၃၀ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၀၅ This Week’s Special Interest
၅း၂၀ “လွယ်ကူဖွယ်ရာရိုးရာအစားအစာ” (ရှမ်းမုန့်ညင်းဆော)
၅း၃၅ Yes or No Talk Show
၆း၂၀ Football Magazine
၆း၃၅ ဥပဒေရေးရာအဖြာဖြာ “အားပေးအားမြှောက်” (ဦးစံပေါ၊ နေသစ်ခန့်၊ စိုင်းရာဇာ၊ ကိုချစ်ဦး၊ ခင်ဖြူဖြူသန့်၊ အိအိသဲ) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “အစမ်းသပ်ခံအချစ်” (အပိုင်း-၂၆)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၈း၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ “သတ္တဌာနနှင့်တည်ရတနာပုံနေပြည်” (မန္တလေး) (အပိုင်း-၈) (မဟာပဌာန်းဟော ရွှေသိမ်တော်ကြီး)
-နိုင်ငံခြားဇာတ်လမ်းတွဲ “တရားရှင်နှင့် ဓားဘုရင်” (နဂါးပုလဲ) (အပိုင်း-၆)
- မျက်မှောက်ရေးရာ သုံးသပ်စရာ
- နိုင်ငံခြားဇာတ်လမ်းတွဲ “အေးအတူပူအမျှ” (အပိုင်း-၂၂)
- အစီအစဉ်ပြီး၏။

# ကနီမြို့နယ် ခုံကြီးကျေးရွာတွင် ဖုန်းအားသွင်းရာမှ အပူလွန်ကဲကာ မီးလောင်မှုဖြစ်

**မုံရွာ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ခုံကြီးကျေးရွာတွင် မတ် ၁၁ ရက် နံနက် ၉ နာရီခန့်တွင် Power Bank ဖြင့် ဖုန်းအားသွင်းရာ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ နေအိမ်နှစ်လုံးလောင်ကျွမ်းကာ နွားစာတိုက်နှင့် မီးဖိုချောင် မီးသင့်ခဲ့ကြောင်း ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းထံမှ သိရသည်။

မီးဘေးသင့် အိမ်နှစ်အိမ်မှ လူဦးရေ ၁၃ ဦးရှိပြီး မီးဘေးသင့်သူများသည် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ယာယီနေထိုင်လျက်ရှိရာ လူမှုကူညီရေးအသင်းများ၏ကူညီမှု၊ အလှူရှင်များ၏ လှူဒါန်းမှုများ လတ်တလောလိုအပ်လျက်ရှိကြောင်း သိရသည်။

“သတင်းရရချင်း ချက်ချင်းသွားကြပေမယ့် ကနီနဲ့က မိုင် ၄၀ ကျော်လောက်ဝေးတော့ မီးငြိမ်းပြီးမှ ရောက်ကြတာပါ။ မမီလိုက်ပါဘူး၊ ရွာက အရန်မီးသတ်တွေရယ်၊ ဘေးပတ်ဝန်းကျင်ရွာတွေကလာပြီး အင်နဲ့အားနဲ့ ငြိမ်းလိုက်ကြတာပါ၊ ဖြစ်တာက ရွာလယ်မှာပါ၊ အင်အားကောင်းကောင်းနဲ့ ငြိမ်းလိုက်နိုင်လို့ တော်သေးတယ်ပြောရမှာပါ”ဟု ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက ပြောသည်။

ခုံကြီးကျေးရွာသည် ကနီမြို့မြောက်ဘက် မိုင် ၄၀ ကျော်ခန့်အကွာ ကနီမြို့နယ်အဆုံးတွင်တည်ရှိပြီး အိမ်ခြေ ၁၁၃ အိမ်၊ လူဦးရေ ၅၀၀ ခန့်ရှိသော ကျေးရွာဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# လှည်းကူးမြို့နယ်တွင် မှုခင်းအသိပညာပေး ဟောပြော

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဈေးခန်းမရှေ့တွင် မတ် ၁၀ ရက်က တိုင်းဒေသကြီးရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေနှင့် တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး ဟောပြောပြသရာ ပြည်သူများ စိတ်ဝင်စားစွာ လာရောက် လေ့လာကြကြောင်း သိရသည်။

**ကြေးမုံ**

# ရန်ကုန်-သရက် ခရီးသည်တင်ယာဉ်နှင့် လိုက်ထရပ်ယာဉ် မျက်နှာချင်းဆိုင်တိုက်မိရာ နှစ်ဦးသေဆုံး

**နတ်တလင်း မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဂေါက်ကွင်းရှေ့ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်(၁၃၄/၇)အနီးတွင် မတ် ၁၁ ရက်က ရန်ကုန်-သရက် ခရီးသည်တင်ယာဉ်နှင့် လိုက်ထရပ်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ နှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်ကားလမ်းအတိုင်း ပြည်မှ ရန်ကုန်သို့ ယာဉ်မောင်း ဦးညဏ်ဝင်း (၃၃)နှစ် ကိုးပင်ရွာ သရက်မြို့နေသူ မောင်းနှင်လာသော သရက်-ရန်ကုန် ခရီးသည်တင်ယာဉ်သည် လမ်းကြောင်းအမှန်မောင်းနှင်နေစဉ် ရန်ကုန်မှ ပြည်သို့ ယာဉ်မောင်း ဦးအောင်နိုင် (၅၃)နှစ် ကျောက်တိုင်ရပ်ကွက် ဂန့်ဂေါမြို့ မကွေးတိုင်းဒေသကြီးမောင်းနှင်ပြီး ခေါင်းခန်းတွင် မအတူး(၂၂)နှစ် စိန်ပန်းလမ်း အမှတ်(၁)ရပ်ကွက် မင်းလှမြို့ ပဲခူးတိုင်းဒေသကြီးနှင့် ဦးတင်လင်း (၅၀)နှစ် ကံမမြို့ မကွေးတိုင်းဒေသကြီးတို့ လိုက်ပါလာသည့် လိုက်ထရပ်အဖြူရောင် MDY-8G/----- ယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ဝင်ရောက်ပြီး မျက်နှာချင်းဆိုင်တိုက်မိသဖြင့် ယာဉ်မောင်း ဦးအောင်နိုင်နှင့် ဦးတင်လင်းတို့မှာ ရရှိဒဏ်ရာများဖြင့်သေဆုံးသွားသည်။ မအတူးနှင့် ယာဉ်နောက်လိုက် မောင်ထွေးကို(၃၃)နှစ် အနောက်ရပ်တောင်ပိုင်း အောင်သီရိရပ်ကွက် (၄)လမ်း မကွေးတိုင်းဒေသကြီးတို့သည် ဒဏ်ရာများရရှိ၍ နတ်တလင်းပြည်သူ့ဆေးရုံတွင် ပြင်ပလူနာအနေဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်နိုင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**၀၇၁**

**မောင်းလျှင်မမူးနှင့် မူးလျှင်မမောင်းနှင့်**

# ရက်ရှ်ဖို့ဒ်ကို လူစားလဲခဲ့ခြင်းအပေါ် မန်ယူပရိသတ်များ ဒေါသထွက်

မန်ယူက လီဗာပူးကို အနိုင်ရရှိသည့် ပွဲစဉ်အတွင်း နည်းပြမော်ရင်ဟိုက နည်းဗျူဟာအပြောင်းအလဲပြုလုပ်ရန် ပွဲကစားချိန် မိနစ် ၇၀ တွင် ရက်ရှ်ဖို့ဒ်နေရာ ဖယ်လိုင်နီကို လူစားလဲခဲ့ရာ မန်ယူပရိသတ်များက ယင်းကိစ္စရပ်အပေါ် မကျေမနပ်ဖြစ်ခဲ့ကြကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်မှာ မန်ယူအသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ရာ မန်ယူပရိသတ်များက နည်းစနစ်ပိုင်းပြောင်းလဲခဲ့သည်ကို လက်ခံနိုင်သော်လည်း ပုံမှန်ခြေစွမ်းအောက် ကျရောက်နေခဲ့သည့် ဆန်းချက်ဇ်ကို လူစားမလဲဘဲ ရက်ရှ်ဖို့ဒ်ကို လူစားလဲခဲ့သည့်အတွက် အကြီးအကျယ်အံ့အားသင့်ခဲ့ရသလို ဒေါသလည်း ထွက်မိကြောင်း လူမှုကွန်ရက်များပေါ်တွင်ရေးသားခဲ့ကြခြင်းဖြစ်သည်။

မော်ရင်ဟို၏ ဆုံးဖြတ်ချက်အပေါ် ဒေါသထွက်နေသည့် မန်ယူပရိသတ်များက ဆန်းချက်ဇ်ကိုပါ နစ်နာစေသည့် ပြောဆိုမှုများကို ရေးသားခဲ့ကြပြီး တန်မီဆိုသည့်ပရိသတ်တစ်ဦးက "ဆန်းချက်ဇ်က ကွင်းထဲမှာ ဆက်မရှိသင့်တဲ့လူပါ ရက်ရှ်ဖို့ဒ်မဟုတ်ပါဘူး" ဟု ရေးသားခဲ့သလို ဂျိုဝုဒ်ဆိုသူကလည်း "မဟုတ်ဘူး။ မဟုတ်ဘူး။ မဟုတ်ဘူး" စသည့် မှတ်ချက်အများအပြားကို တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့ကြသည်။

သို့သော် နည်းပြ မော်ရင်ဟိုက ပွဲပြီးခါနီး စက္ကန့်ပိုင်းအလိုတွင် ဆန်းချက်ဇ်နေရာတွင် ဒါမီယန်ကို အစားထိုးခဲ့ကာ အနိုင်ရလဒ်ကို ထိန်းချုပ်သွားခဲ့သည်ကို တွေ့ရသည်။ မက်စ်ဘက်ဖောက ဆန်းချက်ဇ်၏ စွမ်းဆောင်ရည်မှာ ၁၀ မှတ်ပေးလျှင် တစ်မှတ်စာလောက်သာ ရလောက်သည့် ကစားပုံဖြစ်ခဲ့ကြောင်း ဝေဖန်သွားခဲ့သည်။



# ဘောလုံးလောက သတင်းတိုများ

☆ မန်ယူအသင်းသည် ဂျူဗင်တပ်အသင်းမှ ဘရာဇီးဘယ်နောက်ခံကစားသမား အဲလက်ဆန်ဒရိုအား နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

☆ ပီအက်စ်ဂျီအသင်းသည် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားခဲ့သည့် ဘရာဇီးကြယ်ပွင့်နေမာအား စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောင်းချလိမ့်မည်မဟုတ်ကြောင်းပြောကြားခဲ့သည်။

☆ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ၎င်း၏နည်းပြဘဝကို ၁၀ နှစ်ကြာ ဖြတ်သန်းဦးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

☆ ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်မှူး ဘန်တီကီသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

☆ မန်ယူကစားသမား လင်ဂတ်သည် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**မတ် ၁၁ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၃၀** | | | | |
| အာဆင်နယ် | ၃ | - | ၀ | ဝက်ဖို့ဒ် |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၂၉** | | | | |
| ဂူအင်ဂမ့် | ၂ | - | ၅ | နိုက် |
| **အီတလီစီးရီးအေ ပွဲစဉ် - ၂၈** | | | | |
| ဂျူဗင်တပ် | ၂ | - | ၀ | အူဒီးနီးစ် |
| ဖီအိုရင်တီးနား | ၁ | - | ၀ | ဘီနီဗန်တို |
| ဆာဆူအိုလို | ၁ | - | ၁ | SPAL |
| ခရိုတုန်း | ၄ | - | ၁ | ဆမ်ဒိုးရီးယား |
| ဘိုလော့နာ | ၀ | - | ၁ | အတ္တလန်တာ |
| ကယ်ဂလီယာရီ | ၂ | - | ၂ | လာဇီယို |
| **စပိန်လာလီဂါ ပွဲစဉ် - ၂၈** | | | | |
| အက်စပန်ညို | ၂ | - | ၁ | ဆိုစီဒက် |
| မာလာဂါ | ၀ | - | ၂ | ဘာစီလိုနာ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၆** | | | | |
| စတုဂတ် | ၀ | - | ၀ | လိုက်ပ်ဇစ် |

ခိုင်ဝင်း

# အာဆင်နယ်နှင့် စာချုပ်သစ်ကိစ္စ ဆွေးနွေးမှု အလှမ်းဝေးနေဆဲဟု ဝီလ်ရှိုင်းယား ထုတ်ဖော်ပြောကြား



ကွင်းလယ်လူ ဂျက်ဝီလ်ရှိုင်းယားနဲ့ အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ လာမယ့်နွေဈေးကွက်အရောက်မှာ ကုန်ဆုံးမှာ ဖြစ်ပေမယ့် စာချုပ်သစ်ဆွေးနွေးမှုဟာ အပြီးသတ်သဘောတူညီချက်ရရှိဖို့ အလှမ်းဝေးနေဆဲ ဖြစ်တယ်လို့ ကာယကံရှင် ကစားသမားကိုယ်တိုင်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ နည်းပြဝင်းဂါးက ဒီကိစ္စရပ်ကို အပြီးသတ်ဆောင်ရွက်ဖို့ ညွှန်ကြားထားပေမယ့် အခြေအနေက တိုးတက်မှုရှိမလာသေးတာကြောင့် စာချုပ်သစ်ဆွေးနွေးမှု မအောင်မြင်ခဲ့ဘူးဆိုပါက အာဆင်နယ်က ဝီလ်ရှိုင်းယားကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာခွင့် ပြုတော့မှာပါ။ အာဆင်နယ်က ဝီလ်ရှိုင်းယားကို စာချုပ်သစ်ကမ်းလှမ်းခဲ့ပေမယ့် ဒီကမ်းလှမ်းမှုမှာ သူ့ရဲ့လက်ရှိ လုပ်ခလစာ ပေါင် ၁၂၀၀၀၀ရဲ့ လေးပုံတစ်ပုံ လျှော့ယူရမှာဖြစ်တာကြောင့် ဝီလ်ရှိုင်းယားအနေနဲ့ အာဆင်နယ်က ထွက်ခွာဖို့ ဆုံးဖြတ်ထားပြီး ဖြစ်တယ်လို့ The Sun သတင်းဌာနက ဖော်ပြပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ဝင်းဂါးက ဒီကိစ္စရပ်ဟာ ဝီရှိုင်းယားအပေါ်မှာသာ လုံးဝမူတည်နေတယ်လို့ ဆိုခဲ့ပေမယ့် ဝီလ်ရှိုင်းယားကတော့ ဒီကိစ္စရပ်အဆင်ပြေဖြစ်ဖို့ နီးစပ်မှုမရှိသေးဘူးလို့ ဆိုခဲ့တာပါ။ ဝီလ်ရှိုင်းယားကို လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က အမ်မရီချန်နေရာ အစားထိုဖို့ ချိန်ရွယ်နေသလို ဂျူဗင်တပ်ကလည်း ကြိုးပမ်းနေပြီလို့ သိရပါတယ်။

မေလဲ့သင်း - ရေးသားသည်

# ပဲလေ့စ်ကို အနိုင်ရရှိခဲ့ပြီးနောက် အဆင့်(၄)တက်ရန် အခွင့်အလမ်းတစ်ရပ်ရရှိခဲ့သည့် ချယ်လ်ဆီးအသင်း

နည်းပြကွန်တီ၏ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၀)အဖြစ် တန်းဆင်းဇုန်အတွင်းသို့ ရောက်ရှိနေသည့် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်တွင် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ပထမပိုင်းပွဲကစားချိန် ၂၅ မိနစ်တွင် ဝီလီယံ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၃၂ မိနစ်တွင် ကီလီ၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသည့်အနေအထားမှတစ်ဆင့် နောက်ထပ်သွင်းဂိုးတစ်ဂိုးရရှိခဲ့ကာ ပထမပိုင်းပွဲကစားချိန်အတွင်း နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

သို့ရာတွင် ခရစ္စတယ်ပဲလေ့စ်အသင်းက ပွဲပြီးခါနီး မိနစ် ၉၀ တွင် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းမှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါနိုင်ပွဲရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းမှာ ပွဲစဉ်(၃၀)အပြီးတွင် ရမှတ် ၅၆ မှတ်ရရှိခဲ့ပြီး စပါးအသင်း ပွဲစဉ်(၃၀)မယှဉ်ပြိုင်မီအထိ နှစ်မှတ်အကွာ အနေထားသို့ ရောက်ရှိခဲ့သည့်အပြင် အဆင့်(၄)ဝင်ရန်အခွင့်အလမ်းလည်းနီးစပ်သွားခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့် ခရစ္စတယ်ပဲ့လေ့စ်အသင်းတို့၏ ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ဝီလီယံမှာ ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုး ၁၃ ဂိုးမြောက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဝီလီယံသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် နောက်ဆုံး ၁၈ ပွဲပါဝင်ကစားပေးခဲ့ရာတွင် ၁၇ ဂိုးအထိပါဝင်ပတ်သက်မှုရှိခဲ့သူဖြစ်သည်။



ချယ်လ်ဆီးအသင်းသည် မတ် ၁၃ ရက်ညပိုင်းတွင် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပွဲစဉ် ဒုတိယအကျော့အဖြစ် ဘာစီလိုနာအသင်း၏ အိမ်ကွင်းနူးကမ့်သို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စတမ်းဖို့ဒ်ဘရစ်ချ်တွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ထားသည်။ ထို့ပြင် မတ် ၁၈ ရက်တွင် အိမ်ကွင်းတွင် လက်စတာစီးတီးအသင်းကို အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

# ဝင်းဂါးထွက်ခွာသွားပါက အယ်လီဂရီရောက်လာမည်ဟုဆို

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းမှ ထွက်ခွာမည်ဆိုသည့်သတင်းများထွက်ပေါ်လျက်ရှိပြီး နည်းပြဝင်းဂါးထွက်ခွာသွားပါက အာဆင်နယ်အသင်းနည်းပြအဖြစ် ဂျူဗင်တပ်အသင်းနည်းပြအယ်လီဂရီရောက်လာမည်ဖြစ်ကြောင်းသိရသည်။

နည်းပြအာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းကို ၂၂ နှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့ခြင်းမရှိခဲ့သည်မှာလည်း ကြာမြင့်ခဲ့ပြီဖြစ်ပြီး ဘောလုံးရာသီကလည်း အမှတ်ပေးဇယား၏ အဆင့်(၄)မဝင်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲခဲ့ရသည်။ ထို့ပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရုန်းကန်နေရသည့်အသင်းဖြစ်သည်။

ထို့ကြောင့် နည်းပြအပြောင်းအလဲပြုလုပ်ရန် စီစဉ်လျက်ရှိပြီး စပါးအသင်းကို အနိုင်ရရှိခဲ့သည့် ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီဖြင့် အစားထိုးရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီသည် လက်ရှိတွင် ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာရန်လည်း ရေပန်းစားလျက်ရှိသူဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ကမ္ဘာ့ရေတိမ်ရောဂါနေ့နှင့် ရေတိမ်ရောဂါရက်သတ္တပတ်

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)

၂၀၁၈ ခုနှစ် မတ် ၁၈ ရက်သည် ကမ္ဘာ့ရေတိမ်ရောဂါနေ့ ဖြစ်ပြီး ၂၀၁၈ မတ် ၁၁ ရက်မှ ၁၈ရက်ထိသည် ကမ္ဘာ့ ရေတိမ်ရောဂါရက်သတ္တပတ်ဖြစ်ပါသည်။

ကမ္ဘာ့ရေတိမ်ရောဂါနေ့ဆောင်ပုဒ်

Green = Go get your eyes tested for Glaucoma Save Your Sight. ရေတိမ်ရောဂါစစ်ဆေးခါ၊ မျက်စိ အမြင်ထိန်းသိမ်းပါ။

ရေတိမ်ရောဂါဆိုသည်မှာ မျက်စိရောဂါတစ်မျိုးဖြစ်ပြီး များသောအားဖြင့် မျက်စိတွင်း ဖိအားတက်ခြင်းနှင့် ပတ်သက်နေသည်။ မျက်စိတွင်းဖိအားတက်ခြင်းကြောင့် မျက်စိမြင်လွှာအာရုံကြော (Optic nerve)ကိုပျက်စီး စေပြီး မြင်ကွင်းကျဉ်းကာ နောက်ဆုံးမျက်စိကွယ်သည် အထိ ဖြစ်နိုင်သော ရောဂါဖြစ်သည်။

**ကာကွယ်ကုသနိုင်လျက် မျက်မမြင်ဖြစ်ပွားမှု ဒုတိယအများဆုံးရောဂါ**

"အမြင်သန်စွမ်းတို့အခွင့်အလမ်း သက္ကရာဇ် ၂၀၂၀ အရောက်လှမ်း" နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသည် ကာကွယ်ကုသနိုင်လျက် မျက်မမြင် ဖြစ်ပွားမှုနှုန်းမြင့်မားသော ရောဂါများကို အဓိကထား၍ စီမံကိန်းများချမှတ်လျက် ကာကွယ်ကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ကာကွယ်ကုသနိုင်လျက် မျက်မမြင်ဖြစ်ပွားမှုအများဆုံးရောဂါမှာ အတွင်းတိမ်ဖြစ် ပြီး ဒုတိယအများဆုံးမှာ ရေတိမ်ရောဂါဖြစ်ပါသည်။

**ကမ္ဘာနှင့်ရေတိမ်**

ကမ္ဘာတွင်လူဦးရေ ၆၇ သန်းသည် ရေတိမ်ရောဂါကို ခံစားနေရသည်။ အမေရိကန်တစ်နိုင်ငံတည်းတွင်ပင် နှစ်သန်းခန့်ရှိသည်။အသက်ကြီးသူများတွင် အဖြစ်များ သည်။ထောင့်ကျဉ်းရေတိမ် ထောင်ကျယ်ရေတိမ် ဟူ၍ နှစ်မျိုးရှိရာ ထောင့်ကျဉ်းရေတိမ်သည် အမျိုးသမီးများတွင် အဖြစ်များသည်။ ရေတိမ်ရောဂါကို တိတ်တဆိတ်အမြင် သူခိုး "Silent thief of Sight"ဟုခေါ်သည်။ အဘယ် ကြောင့်ဆိုသော် မသိမသာ တဖြည်းဖြည်းနှင့်နှစ်ပေါင်း များစွာ အမြင်အာရုံချို့ယွင်းစေသောကြောင့် ဖြစ်သည်။

Greek (ဂရိ)ဘာသာ Glaukos မှ Glaucoma ဖြစ်လာသည်။ Glaukos မှာ အပြာ၊အစိမ်း၊ မီးခိုးရောင် ကိုဆိုလိုသည်။ ရေတိမ်ရောဂါတွင် မျက်စိဖိအားတက်ခြင်း ကြောင့် မျက်ကြည်လွှာရေများခြင်း(Corneal edema) တွင် မျက်စိသည်သာမန်ထက် အပြာရောင်၊ အစိမ်းရောင်၊ မီးခိုးရောင်သန်း၍ မှုန်ဝါးနေတတ်သောကြောင့် ဆိုလို ဟန်တူပါသည်။ ဤဝေါဟာရကို ၁၅၈၇ ခုနှစ်ခန့် ကတည်းက အသုံးပြုခဲ့သော်လည်း ၁၈၅၀ ပြည့်နှစ်ခန့် တွင်မှလူသိများ အသုံးများလာသည်။ ထိုအချိန်တွင် မျက်စိတွင်းကြည့်မှန်ဘီလူးကိရိယာ(Ophthalmoscope) ပေါ်လာသဖြင့် မျက်စိအာရုံကြောပျက်စီးမှုကို စမ်းသပ် မြင်တွေ့နိုင်သောကြောင့် ဖြစ်ဟန်တူပါသည်။

**ရေတိမ်အမျိုးမျိုးနှင့် ဖြစ်ရသောအကြောင်းရင်း**

ရေတိမ်ဖြစ်နိုင်သည့် အကြောင်းရင်းများစွာရှိသည့် အနက် မျက်စိတွင်းဖိအားမြင့်တက်ခြင်း (Ocular Hypertension)သည် အရေးကြီးသော အချက်တစ်ခုဖြစ် သည်။ ရေတိမ်တွင် ထောင့်ကျဉ်းနှင့်ထောင့်ကျယ်ဟူ၍ အဓိကနှစ်မျိုးရှိသည်။ မျက်စိရေတိမ်မြင့်တက်ခြင်းသည် အဓိကဖြစ်သည်ဟု ဆိုသော်လည်း ထောင့်ကျယ်ရေတိမ် ရှိသူများ၏ ၅၀ ရာခိုင်နှုန်းတွင်သာ ရေချိန်တက်သည်ကို တွေ့ရသည်။

ထောင့်ကျယ်ရေတိမ်သည် အနောက်ဥရောပနိုင်ငံ များနှင့် အမေရိကန်နိုင်ငံတို့တွင်အဖြစ် များသည်။ ၉၀ ရာခိုင်နှုန်းခန့်ရှိသည်။ ထောင့်ကျဉ်းရေတိမ်သည် မျက်လုံးအိမ်သေးငယ်သော အရှေ့အာရှနိုင်ငံများတွင် အဖြစ်များသည်။

**ရေတိမ်ရောဂါဖြစ်စေသော အခြားအကြောင်းများ**

(၁) ရေတိမ်ရောဂါသည် မျိုးရိုးလိုက်သည်။အထူး သဖြင့် မူလထောင့်ကျဉ်းရေတိမ်(Primary Open-angle Glaucoma "P.O.A.G")သည် မျိုးရိုးရှိသူက မရှိသူထက် ၂ဆမှ ၄ဆအထိ ပိုဖြစ်သည်။ (၂) စတီးရွိုက် ပါသောဆေးများသည် ရေရှည်တွင် မျက်စိရေချိန် တက်စေသည်။ (၃) ဆီးချိုသွေးချိုရောဂါကြောင့် မျက်လုံး သူငယ်အိမ်ရှိ သွေးကြောသစ်များ ဖြစ်လာသောအခြေအနေ တွင် Neovascular Glaucoma ကိုဖြစ်စေသည်။ (၄) မျက်လုံး ဗဟိုသွေးပြန်ကြောပိတ်ခြင်း (Central retinal vein occlusion)တွင် ရေတိမ်ရောဂါဝင် တတ် သည်။ (၅) မျက်စိထိခိုက်ဒဏ်ရာရခြင်းတွင် မျက်စိထောင့် ရှိ ရေထွက်ပေါက်ကို ထိခိုက်ချို့ယွင်းစေလျှင် ရေတိမ်ဝင် နိုင်သည်။ (၆) သူငယ်အိမ် ရောင်ခြင်း(Uveitis)တွင် သူငယ်အိမ် ပိတ်ဆို့မှု (Pupil block)ကြောင့် လည်း ကောင်း၊ ထွက်လာသော သွားငန်ရည်နှင့်အနယ်အမှုန့် များကြောင့်လည်းကောင်း၊မျက်စိထောင့် ရေထွက်ပေါက် အနှောင့်အယှက်ဖြစ်ခြင်းကြောင့်လည်းကောင်း မျက်စိ ရေချိန်တက်နိုင်သည်။




**နောက်ခံသမိုင်း**

၁၅၈၇ ခန့်ကတည်းက Glaukos ဆိုသော Greek ဝေါဟာရကို စတင်သုံးစွဲခဲ့သော်လည်း မျက်စိရေချိန် တက်၍ မျက်စိရောဂါဖြစ်ခြင်း၏ ဆက်နွှယ်မှုကို ၁၆၂၂ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး Richard Barmister ဆိုသူက စတင်ဖော်ပြခဲ့သည်။၁၈၀၆ခုနှစ်တွင် ဘော်စတွန်မှ John Cillins Warren က ထောင့်ကျဉ်းရေတိမ်ကိုအတွင်း တိမ်ထုတ်ကုသခြင်းဖြင့် စတင်ကုသခဲ့သည်။ ၁၈၅၁ ခုနှစ် တွင် Hermann Holmholtz က Ophthalmoscope ကိုတီထွင်ခဲ့ခြင်းဖြင့် မျက်စိအာရုံကြော ခွက်ခြင်း(Optic Disc Cupping)ကို ရေတိမ်ရောဂါ၏ အဓိက လက္ခဏာ အဖြစ် သတ်မှတ်နိုင်ခဲ့သည်။

၁၉၀၅ ခုနှစ်တွင် ပထမဆုံး မျက်စိရေချိန်တိုင်းကိရိယာ ကို နော်ဝေလူမျိုး မျက်စိဆရာဝန် Hjalmar August Schiotz က တီထွင်အသုံးပြုနိုင်ခဲ့သည်။ နောက်ရာစု နှစ်ဝက်လောက်တွင် ပိုမိုတိကျသော ရေချိန်တိုင်းကိရိယာ Applanation Tonometer ကို Hans Goldmann က တီထွင်နိုင်ခဲ့သည်။

၂၀ ရာစုနှောင်းပိုင်းတွင် ရေတိမ်ရောဂါ၌ မျက်စိ အာရုံကြောပျက်စီးရခြင်းမှာ မျက်စိရေချိန် တက်မှုကြောင့် သာမက မျက်စိအာရုံကြောကို သွေးလုံလောက်စွာ မပေး နိုင်မှုကြောင့်ဖြစ်သည်ကိုပါ သိလာကြသည်။

> "မျက်စိအဆုံး နားအရှုံး" ဟု ဆိုရိုးရှိသဖြင့် အမြင်အာရုံကို တဖြည်းဖြည်း တိတ်တဆိတ်ခိုးယူတတ်သော ရေတိမ်သူခိုး (Silent thief of sight)၏ အန္တရာယ်ကို ကမ္ဘာ့လူသားအားလုံး သတိမူ၊ သတိပြုကြပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ရေတိမ်ရောဂါနေ့နှင့် ရေတိမ်ရောဂါ ရက်သတ္တပတ်တွင် လူတိုင်း မျက်စိရေတိမ်ရောဂါရှိ မရှိ စစ်ဆေးကြပြီး ရှိပါက စောစီးစွာ၊ ထိရောက်စွာ ကုသခြင်းဖြင့် အမြင်အာရုံ ဆုံးရှုံးခြင်းမှ ကင်းဝေး . . .

**ရေတိမ်ရောဂါလက္ခဏာများ**

ရေတိမ်ရောဂါသည် မျက်စိတွင်းဖိအား(မျက်စိရေချိန်) နှင့်ပတ်သက်နေသော်လည်တစ်ခါတစ်ရံ လက္ခဏာတစ်စုံ တစ်ရာမပြဘဲ ရှိတတ်သည်။ မျက်စိရေချိန်တက်သော်လည်း လက္ခဏာမပြဘဲ ရှိနေခြင်းဖြစ်သည်။ (သွေးတိုးရှိသော် လည်း ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း စသည့် လက္ခဏာ တစ်စုံတစ်ရာမပြဘဲ ရှိနေခြင်းနှင့် အလားသဏ္ဌာန် တူသည်) အထူးသဖြင့် ထောင့်ကျယ်ရေတိမ်တွင် ဤကဲ့သို့ လက္ခဏာမပြဘဲ ရှိလေ့ဖြစ်လေ့ရှိသည်။ လက္ခဏာ ပေါ်ပေါက်ခဲ့လျှင် တွေ့ရမည့်လက္ခဏာများမှာ- (က) မျက်လုံးကိုက်ခြင်း၊ မျက်လုံးအနီးအနားတစ်ဝိုက် နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း။ (ခ)မျက်စိမှုန်ခြင်း၊ အမြင် ဝေဝါးခြင်း။ (ဂ) ပျို့ခြင်း၊ အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အထက်လန်အောက်လျှောကဲ့သို့ဖြစ်ခြင်း (ထို့ကြောင့် တချို့လူနာများမှာ အစာအိမ်ရောဂါကဲ့သို့ဆေးခန်းပြ၍ ကုလေ့ရှိခြင်း)။ (ဃ) မျက်စိနီခြင်း (မျက်စိနာသကဲ့သို့ နီခြင်းနှင့်မတူဘဲ သွေးကြောများထင်ရှားစွာ နီရဲနေ ခြင်း)။ (င) ကြည့်လိုက်တိုင်း အလင်းရောင်ဘေးပတ် လည်တွင် လေပူဖောင်းသဏ္ဌာန်အကွက်များ တွေ့ရခြင်း။ (စ) မျက်ကြည်လွှာ(မျက်နက်)သည် ကြည်လင်မှုမရှိဘဲ ပြာလဲ့လဲ့ မှုန်မှိုင်းနေခြင်း။ (ဆ)မြင်ကွင်းကျဉ်း၍ မြင်ကွင်း ၏ အစိတ်အပိုင်းကိုသာမြင်ရပြီး မြင်ကွင်းအပြည့် မမြင်ရ ခြင်း၊ (ဇ) မျက်မှန်စမ်းသည့်အခါနှင့် ရေချိန်တိုင်းသော အခါများတွင် ရေချိန်တက်နေသည်ကို မတော်တဆ တွေ့ရခြင်း။ (ဈ) ဆီးချို၊ သွေးတိုးရောဂါစသည့် မျက်စိ နှင့် မပတ်သက်သောရောဂါများကို စစ်ဆေးရာတွင် မျက်စိအတွင်းမြင်လွှာ(Fundus)ကို စစ်ဆေးရလေ့ရှိရာ၊ မြင်လွှာအာရုံကြောခွက်နေခြင်း(Optic disc cupping) ကို မတော်တဆတွေ့ရှိ၍ ရေတိမ်ရောဂါရှိကြောင်း သိရခြင်း။ (ည) အခြားမျက်စိရောဂါများ စစ်ဆေးရာတွင် ရေတိမ်ရောဂါပါရှိနေကြောင်း မတော်တဆတွေ့ ရှိခြင်း (ဥပမာ- အတွင်းတိမ်ရောဂါကို စစ်ဆေးရာတွင်၊ ရေတိမ် ရောဂါပါ ရှိနေကြောင်းတွေ့ရခြင်း)

**ရောဂါသတ်မှတ်ခြင်း(Diagnosis)**

ရေတိမ်ရောဂါအဖြစ်သတ်မှတ်ရာတွင် မျက်စိတွင်း ဖိအား(Intraocular Pressure,I.O.P) တက်ခြင်းသည် အဓိကကျသော်လည်း မျက်စိရေချိန်တက်ရုံဖြင့် ရေတိမ်ဟု ပြောလေ့မရှိပါ။ မျက်စိအာရုံကြော (Optic Nerve)ခွက်ခြင်း (Cupping)ပမာဏနှင့် မြင်ကွင်း(Visul Field)မည်မျှလောက် ကျဉ်းနေသနည်းဆိုသည်ကို ကြည့်၍ရေတိမ်ရောဂါကို သတ်မှတ်လေ့ရှိသည်။

ရေချိန်တိုင်းရာတွင် မျက်စိကိုမထိဘဲ ရေချိန်တိုင်း ကိရိယာ(Non-contact Tonometer)နှင့် ထောက်တိုင်း ကိရိယာ(Shortz Tonometer)တို့နှင့်တိုင်းရုံနှင့် မလုံ လောက်ဘဲ Applanation Tonometer စသည့်ပိုမိုတိကျ သော ရေချိန်တိုင်းကိရိယာများနှင့် တိုင်းတာရသည်။ ထောင့်ကျဉ်း၊ ထောင့်ကျယ်အမျိုးအစားနှင့် မျက်စိထောင့် (မျက်ကြည်လွှာနှင့် မျက်စိသူငယ်အိမ်ကြားထောင့်)၏ အခြေအနေကို ဂိုနီယိုမှန်ဘီလူး(Gonio Lens)ဖြင့် ကြည့်ရသေးသည်။ ထိုသို့ကြည့်ခြင်းဖြင့် ရေတိမ်ရောဂါ အခြေအနေနှင့် ကုသရန် နည်းလမ်းရွေးချယ်ရေးတွင် အထောက်အကူရသည်။

ရေတိမ်ရောဂါရှိမရှိနှင့် ရေတိမ်ကြောင့် မျက်စိမြင်လွှာ အာရုံကြော ပျက်စီးမှုပမာဏကို မြင်ကွင်း စမ်းသပ်ခြင်း (Visual Field Testing-Perimetry)လုပ်မှ သိနိုင်သည်။ ခေတ်မီမြင်ကွင်းတိုင်းကိရိယာ(Computerized visual field analyser)သည် အသုံးဝင်လှသည်။မျက်စိမြင်လွှာ အာရုံကြောအခြေအနေနှင့် မျက်စိအမြင်အာရုံကြော ခေါင်း (Optic Nerve Head,ONH)၏ အခြေအနေကို တိတိကျကျသိရန် အိုစီတီ (O.C.T-Ocular Coherent Tomography) ခေါ်ကွန်ပျူတာစမ်းသပ်စက်ကြီးဖြင့် စမ်းသပ်သိရှိနိုင်သည်။

**ကုသခြင်း**

ထောင့်ကျယ်ရေတိမ်တွင် သက်ဆိုင်ရာမျက်စဉ်းများ ဖြင့် အဓိကထားကုသသည်။ ထောင့်ကျဉ်းရေတိမ်တွင် Laser surgery,Micro surgery စသည့်ခွဲစိတ်ကုသခြင်း များဖြင့် ကုသလေ့ရှိ သည်။ တချို့လူနာများတွင် မျက်လုံး တွင်းမှ အရည်မှန်မှန်ထွက်ရန် အထူးစီမံထားသောပစ္စည်း (Drainage Inplants)များ ထည့်ရသည် လည်းရှိသည်။

မျက်စဉ်းမှန်မှန်ခတ်ရုံသာမက မျက်စိရေချိန် မှန်မှန် စစ်ခြင်း၊ မျက်စိဆရာဝန်နှင့် မှန်မှန်ပြခြင်းများ ပြုလုပ်သင့် သည့်ပြင် မျက်စိအာရုံကြောခွက်ခြင်း ပိုခွက်မခွက်၊ မြင် ကွင်းပိုကျဉ်း မကျဉ်း စသည်များပါ အချိန်မှန်စစ်ဆေးသင့် သည်။ မျက်စဉ်းအတော်အသင့် ခတ်ပြီးသောအခါ၊ "မျက်စိက ဘာမှ မဖြစ်ဘဲ" ဟူ၍ မျက်စဉ်းလည်းမှန်မှန် မခတ်ချင်၊ ဆရာဝန်လည်းမှန်မှန်မပြချင်ဖြစ်ပါက ရေရှည် တွင် မျက်စိကွယ်နိုင်သည်မှာ အသေအချာပင်။

**စောစီးစွာကုသ**

"မျက်စိအဆုံး၊ နားအရှုံး" ဟုဆိုရိုးရှိသဖြင့် အမြင် အာရုံကို တဖြည်းဖြည်း တိတ်တဆိတ်ခိုးယူတတ်သော ရေတိမ်သူခိုး(Silent thief of sight)၏ အန္တရာယ်ကို ကမ္ဘာ့လူသားအားလုံး သတိမူ၊ သတိပြုကြပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ရေတိမ်ရောဂါနေ့နှင့် ရေတိမ်ရောဂါ ရက် သတ္တပတ်တွင် လူတိုင်း မျက်စိရေတိမ်ရောဂါရှိမရှိ စစ်ဆေးကြပြီးရှိပါက စောစီးစွာ၊ ထိရောက်စွာ ကုသခြင်း ဖြင့် အမြင်အာရုံ ဆုံးရှုံးခြင်းမှ ကင်းဝေးပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

## မန္တလေးတွင် နှလုံးသွေးကြောပိတ်ရောဂါ ပညာပေးရက်သတ္တပတ်ကျင်းပ

**မန္တလေး မတ် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၏ နှလုံးသွေးကြောခွဲ ကုသမှု(Primary PCI) ငါးနှစ်ပြည့် အထိမ်းအမှတ် နှလုံးသွေးကြောပိတ်ရောဂါ ပညာပေးရက်သတ္တပတ် အခမ်းအနားကို မတ် ၁၀ ရက် နံနက်ပိုင်းအထိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာသန်းသန်းကြိုင်က နှလုံးသွေးကြောကျဉ်းရောဂါကာကွယ်ရေးပညာ ပေးဟောပြောပြီး နှလုံးသွေးကြောခွဲကုသမှုခံယူပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိသော လူနာများကလည်း ကိုယ်တွေ့ကုသမှုခံယူခဲ့ပုံများကို မျှဝေပြောကြားရာ စိတ်ဝင်စားသူများလာရောက်နားထောင်ကြသည်။ အခမ်းအနားတွင် နှလုံးသွေးကြောပိတ်ရောဂါဖြစ်စေသော သွေးတိုးနှင့်ဆီးချို၊ သွေးချိုရောဂါရှိ၊ မရှိ အခမဲ့ကျန်းမာရေးစစ်ဆေးပေးသည်။

၂၀၁၇ ခုနှစ်အတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှလုံးရောဂါ အထူးကုဌာနသို့ နှလုံးသွေးကြောပိတ်လူနာ ၆၇၁ ဦးတက်ရောက်ခဲ့ပြီး ရုတ်တရက် နှလုံးသွေးကြောပိတ်လူနာများဖြစ်သည်။ နှလုံးသွေးကြောပိတ်ဝေဒနာ ခံစားရသည့်အချိန်မှ ၁၂ နာရီအတွင်း ဆေးရုံဆေးခန်းသို့ ရောက်ရှိပြီး သွေးကြောပွင့်စေသောကုသမှု (သွေးခဲပျော်ဆေး သို့မဟုတ် အရေးပေါ်သွေးကြောခွဲကုသမှု)တစ်ခုခုရရှိပါက အသက်ဆုံးရှုံးမှုအန္တရာယ် နည်းပါးသည်။ ရင်ဘတ်အောင့်ခြင်း၊ ချွေးစေးပြန်၍ ခြေဖျားလက်ဖျားအေးခြင်း၊ အသက်ရှူမဝခြင်း၊ ရင်ဘတ်အတွင်း ဆွဲဆုပ်ထားသလိုနာကျင်ပါက အမြန်ဆုံးဆေးကုသမှုခံယူရန်နှင့် မန္တလေးဆေးရုံကြီးတွင် သွေးခဲပျော်ဆေးသွင်းကုသခြင်း၊ နှလုံးသွေးကြောခွဲကုသခြင်း၊ နှလုံးသွေးကြောခွဲစိတ်ကုသနည်းများဖြင့် နှလုံးသွေးကြောပိတ်လူနာများအားကုသပေးလျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်ဆည် မတ် ၁၁**

ကျောက်ဆည်ခရိုင် ယာယီရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းသိန်းနှင့်မြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်တို့ဦးဆောင်မှုဖြင့် မတ် ၁၁ ရက် နံနက် ၆ နာရီကစတင်ပြီး ရဲအရာရှိများ၊ အခြားအဆင့်များ၊ တပ်ဖွဲ့ဝင်များ စုပေါင်းပြီး ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းအဖြစ် သပြေပင်ကျောင်းတိုက်အဝင်လမ်းနှင့်ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ထွက်ရှိလာသည့်ချုံနွယ်အမှိုက်နှင့်ဆူးပင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်သယ်ယာဉ်ဖြင့် အမှိုက်စွန့်ရမည့်နေရာတွင် စနစ်တကျစွန့်ပစ်ခဲ့ပြီး မီးရှို့သင့်သည့် အမှိုက်များကို မီးရှို့ခြင်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**သက်မောင်(ကျောက်ဆည်)**

## တက္ကသိုလ်အဆင့် အခြေခံ ကင်းထောက်သင်တန်း ပင်လုံတက္ကသိုလ်၌ဖွင့်

**ရန်ကုန် မတ် ၁၁**

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ လူငယ်မောင်မယ်များ ကင်းထောက်ပညာရပ်များ လေ့လာသင်ယူပြီး နိုင်ငံ့အကျိုးပြု လူမှုရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ် ပင်လုံမြို့ရှိ ပင်လုံတက္ကသိုလ်တွင် တက္ကသိုလ်အဆင့် အခြေခံကင်းထောက် သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကို မတ် ၉ ရက် နံနက်ပိုင်းက ပင်လုံတက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပသည်။

တက္ကသိုလ်အဆင့် အခြေခံကင်းထောက် သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို ကင်းထောက် မောင်မယ်များက 'ပြည်သူ့အတွက် အဆင်အသင့်' ကင်းထောက်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဒုတိယ ပါမောက္ခချုပ် ဒေါက်တာဌေးအောင်၊ ပင်လုံတက္ကသိုလ် ကင်းထောက်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ကြည်ကြည်လွင်တို့က ကင်းထောက်သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်း ပြောကြားကာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ညို ကိုယ်စား ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်က ကင်းထောက်အနှစ်သာရနှင့် ကင်းထောက် ဖြစ်ပေါ်လာမှု၊ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကင်းထောက်များ၏ ငြိမ်းချမ်းရေး သံတမန်များအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်းပြီး စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားသည်။

သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမ ၃၈ ဦး တက်ရောက်ပြီး မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကင်းထောက်သမိုင်း၊ ကင်းထောက်လှုပ်ရှားမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ကင်းထောက်များ ငြိမ်းချမ်းရေးသံတမန်အဖြစ် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည့် လှုပ်ရှားမှုများ ကင်းထောက်စခန်းချ ပညာရပ်များ၊ ကြိုးချည်နည်းများ၊ ရှေးဦးသူနာပြုစုနည်း၊ စုပေါင်းကစားနည်းများ၊ တေးသီချင်းများနှင့် မီးပုံပွဲများကိုသင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး ဆွေးနွေး



**မြစ်ကြီးနား မတ် ၁၁**

ကချင်ပြည်နယ်၏ ဒေသထွက်ကုန်ပစ္စည်းများ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပပို့ကုန် တိုးတက်ရေးအတွက် အလားအလာရှိသော ဒေသထွက်ကုန်များ ဈေးကွက်ပိုမိုရရှိလာပြီး ကုန်ထုတ်လုပ်သူများ၊ပို့ကုန်လုပ်ငန်းရှင်များနှင့် တောင်သူများ၏ အသိဉာဏ် ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကိုမတ် ၁၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် DANA Facility မှ Mr.Peter Brimble တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားကာ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပို့ကုန်မြှင့်တင်ရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် DANA Facility မှ Mr.Peter Brimble က ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ DANA Facility မှ ပံ့ပိုးကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆွေးနွေးပွဲတက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ခန်းမအတွင်းပြသထားသည့် ဒေသထွက် ထုတ်ကုန်ပစ္စည်းများ ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်မားရေးအဖွဲ့က ဦးဆောင်၍ စိုက်ပျိုးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ကုန်သည်/ စက်မှုအသင်း နှင့် DANA Facility တို့မှ တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ ကုန်ထုတ်လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများနှင့် စိတ်ပါဝင်စားသူများနှင့်အတူ ပြည်နယ်အတွင်းရှိ ပို့ကုန်အလားအလာရှိသောသီးနှံများစိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာများ၊ ဒေသထွက်ကုန်များ ပြည်ပတင်ပို့မှုမြှင့်တင်နိုင်ရေး ဆောင်ရွက်နိုင်မှုများ၊ ပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံမှု အလားအလာများကို စကားဝိုင်းဆွေးနွေးပွဲများဖြင့် ဆွေးနွေးကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တာချီလိတ်၌ နွေရာသီအားကစားသင်တန်း ငါးမျိုးဖွင့်လှစ်

**တာချီလိတ် မတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အင်းသားလူမှု ကူညီရေးအသင်းနှင့် တာချီလိတ် ကြက်တောင်ဆပ်ကော်မတီတို့ ပူးပေါင်းစီစဉ် ဖွင့်လှစ်သော ၂၀၁၈ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်း ဖွင့်ပွဲကို မတ် ၁၀ ရက် နံနက် ၈ နာရီခွဲတွင် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကရာတေးဒို၊ ဝူရှူး၊ မြန်မာ့သိုင်း စသည့် အားကစားနည်းများအလိုက် သရုပ်ပြ ဆောင်ရွက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အားကစားနည်းသင်တန်းများကို ကျောင်းသားလူငယ်များ နွေရာသီကျောင်းအားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ အားကစားလိုက်စားခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန်၊ မြန်မာ့ရိုးရာ သိုင်းအမွေအနှစ်များ လက်ဆင့်ကမ်းထိန်းသိမ်းတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကရာတေးဒို၊ ဝူရှူး၊ မြန်မာ့သိုင်း၊ ဘောလုံးနှင့်ဘော်လီဘော အားကစားနည်းများကို ဧပြီ ၁ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းသား ကျောင်းသူ လူငယ် ၅၀၀ ခန့်တက်ရောက်သင်ကြားလျက်ရှိသည်။



ထို့အပြင် ကြက်တောင်အားကစားနည်းကို ဧပြီလတွင် ဆက်လက်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးမင်းထွဋ်က ပြောကြားသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း နွေရာသီရေပြတ်လပ်မှုမရှိစေရန် မြို့နယ် ၁၃ မြို့နယ်မှ ကျေးရွာပေါင်း ၇၂ ရွာကို ရေဖြန့်ဝေပေးမည်

**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း နွေရာသီ ရေပြတ်လပ်မှုမရှိစေရန် မြို့နယ် ၁၃ မြို့နယ်မှကျေးရွာပေါင်း ၇၂ ရွာအား ရေဖြန့်ဝေပေးမည်ဖြစ်ကြောင်း အဆိုပါ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"လူဦးရေတိုးတဲ့အတွက်ကြောင့် ရေလိုအပ်ချက်ရှိလာတယ်။ ရာသီဥတုပူပြင်းလာတဲ့အတွက်ကြောင့်လည်း Water Level (ရေစွမ်းအား) တွေကျလာတယ်။ ဒီနှစ်မှာ ရေဖြန့်ဝေပေးနိုင်ရေးအတွက် စာရင်းကြိုကောက်ထားတာ ၇၂ ရွာရှိပါတယ်"ဟု အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းဟန်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း နွေရာသီရေပြတ်လပ်နိုင်သည့်ကျေးရွာများအား အဆိုပါဌာနမှ ရေဖြန့်ဝေနိုင်ရေးအတွက် ကြိုတင်ကောက်ယူထားသော စာရင်းများအရ မြို့နယ် ၁၃ မြို့နယ်မှသပိတ်ကျင်း ခြောက်ရွာ၊ ကျောက်ဆည် သုံးရွာ၊ တံတားဦး ခုနစ်ရွာ၊ မြစ်သား တစ်ရွာ၊ မိတ္ထီလာ လေးရွာ၊ မလှိုင် ၁၈ ရွာ၊ ဝမ်းတွင်း သုံးရွာ၊ သာစည် ၁၁ ရွာ၊ မြင်ခြံ တစ်ရွာ၊ နွားထိုးကြီး ငါးရွာ၊ ပျော်ဘွယ် ကိုးရွာ၊ ညောင်ဦး တစ်ရွာနှင့်ကျောက်ပန်းတောင်း သုံးရွာတို့ဖြစ်ပြီး စုစုပေါင်းကျေးရွာ ၇၂ ရွာအား သက်ဆိုင်ရာမြို့နယ်များအလိုက် မီးသတ်ဦးစီးဌာနနှင့် စည်ပင်ရေသယ်ယာဉ်တို့ဖြင့် ရေဖြန့်ဝေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကာ အိမ်ခြေ ၁၁၂၆၃ အိမ်အတွက် ရေဂါလန် ၂၉ သိန်းကျော်ကို ယခုနှစ်မတ်လမှမေလအတွင်း ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

"ပြီးခဲ့တဲ့နှစ် နွေရာသီတုန်းက မြို့နယ်ကရောတခြားအဖွဲ့အစည်းတွေပါ ရေလာလှူကြပါတယ်။ သောက်ရေအတွက် အဆင်ပြေပေမယ့် သုံးရေကျတော့ အခက်အခဲရှိတာပေါ့။ လူချိုးတဲ့ ရေကိုနွားပြန်တိုက်နေရတယ်။ ဝယ်သုံးတော့လည်း ပီပါနှစ်လုံးပါတဲ့ ထော်လာဂျီတစ်စီးကို ရှစ်ထောင်တစ်သောင်းပေးရတယ်။ အခုတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရယ်၊ ယူနီဆက်ဖ်ရယ်၊ ကျွန်တော်တို့ရွာရယ် ပူးပေါင်းပြီးတော့ရေတွင်းလေးတူးလိုက်တော့ ရေနဲ့ပတ်သက်လို့ အခက်အခဲမရှိတော့ဘူး၊ ရေတွင်းက သုံးနေတာ နှစ်လရှိပြီ။ သူတို့ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိပါဘူး" ဟု ကျီတိုင် ကုန်း(မြောက်)ကျေးရွာနေ ဦးကျော်ဝေက ပြောသည်။

အဆိုပါကျေးရွာ ၇၂ ရွာအား သောက်သုံးရေဖြန့်ဝေပေးရန်အတွက် စုစုပေါင်းကုန်ကျငွေ ၃၅ ဒသမ ၅၈၇၉၅၉ သန်းခန့်မှန်းထားပြီး ၂၀၁၇ ခုနှစ်တွင် နွေရာသီရေ ပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ် ၁၅ မြို့နယ်မှ ကျေးရွာပေါင်း ၁၄၃ ရွာအား ခွင့်ပြုငွေကျပ်သန်း ၂၀ ဖြင့်ရေဖြန့်ဝေပေးနိုင်ရန် လျာထားခဲ့သော်လည်း အမှန်တကယ်ရေပေးဝေရသောကျေးရွာ ၉၈ ရွာရှိခဲ့ရာ ငွေကျပ် ၇ ဒသမ ၂၇၄၆၂၈ သန်းသုံးစွဲခဲ့ပြီး ကျန်ငွေ ၁၂ ဒသမ ၇၂၅၃၇၂ သန်းအား သက်ဆိုင်ရာ မြို့နယ်အလိုက် စက်သုံးဆီများဝယ်ယူထားရှိကာ ယခုနှစ်ကျေးရွာ ၇၂ အတွက် လိုအပ်ငွေကျပ် ၂၈ ဒသမ ၇၂၇၆၂၁ သန်းရှိကြောင်း သိရသည်။

**နဒီလှိုင်**

# ဘားအံစက်မှုဇုန်၏ ၁၅ ရုံမြောက် စက်ရုံအလုပ်ရုံအဖြစ်

# SKK ကာလာအမိုးပြားထုတ်လုပ်ရေးစက်ရုံဖွင့်

**ဘားအံ မတ် ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-လှိုင်းဘွဲကားလမ်းမကြီးဘေးရှိ ဘားအံစက်မှုဇုန်တွင် SKK ကာလာအမိုးပြား ထုတ်လုပ်ရေးစက်ရုံကို မတ် ၁၀ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အဆိုပါစက်ရုံကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် SAW TRADING CO,LTD ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးစောကျော်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယခုဖွင့်လှစ်သည့် စက်ရုံသည် ဘားအံစက်မှုဇုန်၏ လည်ပတ်လျက်ရှိသော ၁၅ ရုံမြောက် စက်ရုံအလုပ်ရုံဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှ မှာယူတင်သွင်းသည့် STEEL SHEET FORMING MACHINE စက်သစ်ကြီးများဖြင့် တစ်နေ့အလုပ်ချိန် ၈ နာရီအတွင်း ကာလာအမိုးပြား ပေ ၁၅၀၀၀ ကျော်ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ဘားအံစက်မှုဇုန်သည် ဧက ၁၀၀၀ ခန့် ကျယ်ဝန်းကြောင်း၊ Foreign Investment၊ Local Investment၊ Regional Investment ၊ SME Investment Zone ဟူ၍ အပိုင်းလေးပိုင်းခွဲထားကြောင်း၊ 66/11 KV,20 KVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ထားပြီး mini-hydro power plant များမှ(30MW)၊ Coal-Fired power plant မှ(1280MW)တို့ကို အနာဂတ်တွင်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရေသိုလှောင်နိုင်မှု ၄၉၁ ဒသမ ၆ ဂါလန်သန်းခန့်ရှိ လျှိုပိတ်ဆည်လေးခုအပြင် သုံးမိုင်ခန့်ကွာဝေးသောသံလွင်မြစ်နှင့် ရေဘုတ်ဆည်တို့မှရေများကိုသွယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ တည်ဆောက်ဆဲ စက်ရုံအလုပ်ရုံ ၁၅ ရုံရှိကြောင်း၊ မြေနေရာဈေးနှုန်းသင့်တင့်၍ အခွန်နှုန်းထားသက်သာခြင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဇုန်ကြီးကြပ်ရေးကော်မတီနှင့်လုပ်ငန်းအဖွဲ့များက လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊ ဇုန်အတွင်း လမ်းများကောင်းမွန်အောင်၊ လျှပ်စစ်ဓာတ်အားများကောင်းစွာရရှိအောင် ဆောင်ရွက်ပေးထားသဖြင့် လုပ်ငန်းရှင်များ အနေဖြင့် ဆောင်ရွက်နိုင်သည့် အနေအထားရှိသည့် စက်မှုဇုန်တစ်ခုဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# မြန်မာ့အာမခံလုပ်ငန်း လျော်ကြေးပေးအပ်

**ရန်ကုန် မတ် ၁၁**

မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံအကာအကွယ်များ ဝယ်ယူထားရှိပြီး မော်တော်ယာဉ်ထိခိုက်ပျက်စီးမှုများနှင့် လူ့အသက်ဆုံးရှုံးခဲ့သူများအား နစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ မတ် ၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက အလုံးစုံ မော်တော်ယာဉ် အာမခံအနေဖြင့် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ မတ် ၇ ရက်အထိ မော်တော်ယာဉ် အစီး ၄၃၀အတွက် ၅၃၈၀၉၄၀၄၆ ကျပ် ပေးလျော်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခမ်းအနားတွင် အလုံးစုံမော်တော်ယာဉ် အာမခံထားရှိသော မော်တော်ယာဉ် နှစ်စီးအတွက် ၅၂၅၄၃၄၁၃ ကျပ် အား ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် သင်္ဘောသား သုံးဦး ကွယ်လွန်ခြင်းအတွက် တစ်ဦးလျှင် ကျပ်သိန်း ၅၀ စီနှင့် သုံးဦးအတွက် ကျပ်သိန်း ၁၅၀ကို ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ဆုံးရှုံးနစ်နာမှုလျော်ကြေးများ လက်ခံရယူရန် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကဏ္ဍအသီးသီးမှ မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိသူများ၊ မြန်မာ့အာမခံလုပ်ငန်း ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ဇော်**

# ရန်ကုန်–အင်းစိန်လမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးရာသီတွင်ရေဝပ်ရေလျှံမဖြစ်ပေါ်စေရေးအတွက် မြို့နယ်အသီးသီးတွင်ရေနုတ်မြောင်းများရေထုတ်အားကောင်းစေရန် စက်ယန္တရားလူအင်အားတို့ဖြင့်ပြန်လည် တူးဖော်ဆောင်ရွက်ပြီး ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာမတ် ၁၀ ရက်က လှိုင်မြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အုတ်ကျင်းသိုလှောင် ရုံအရှေ့ ရန်ကုန်-အင်းစိန်လမ်းမကြီးတွင် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းကြီးကြပ်မှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများက အမှိုက်သရိုက်နှင့်သဲနုန်းများ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

"လှိုင်မြို့နယ်ကရပ်ကွက်ကြီး ၁၆ ရပ်ကွက်နဲ့စုဖွဲ့ထားပြီး ရပ်ကွက်အသီးသီးမှာရှိတဲ့ ရေနုတ်မြောင်းတွေက ကမာရွတ်ချောင်း၊ ချောင်းဝချောင်း၊ ပိတောက်ချောင်းနဲ့ သမိုင်းချောင်းထဲကိုစီးဆင်းသွားကြတာပါ။ အခုဆောင်ရွက်နေတဲ့ အမှတ် ၁၃ ရပ်ကွက်အပိုင် ရန်ကုန်အင်းစိန်လမ်းမကြီးရေနုတ်မြောင်းက ပိတောက်ချောင်းထဲကိုစီးဆင်းသွားပါတယ်"ဟု လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ပြောသည်။

လှိုင်မြို့နယ်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်ဖြစ်သော မြောက်ပိုင်းခရိုင်အတွင်းပါဝင်ပြီး မြို့နယ်အကျယ်အဝန်းမှာ ၅ ဒသမ ၂၉ စတုရန်းမိုင်ကျယ်ဝန်းသည်ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးရုံးရှိ မြို့နယ်အခြေပြုမြေပုံတွင် ဖော်ပြထားသည်။ အလားတူ ရပ်ကွက်ကြီး ၁၆ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်အတွင်း ကမာရွတ်ချောင်း၊ ချောင်းဝချောင်း၊ ပိတောက်ချောင်းနှင့်သမိုင်းချောင်းတို့ ဖြတ်သန်းစီးဆင်းလျက်ရှိကြောင်းသိရသည်။

**မောင်သုည**

# ရပ်ကွက်/ကျေးရွာများတွင် ရေအခက်အခဲဖြစ်လာပါက အမြန်ဆုံးဖြေရှင်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်

**ပေါင် မတ် ၁၁**

သထုံခရိုင် ပေါင်မြို့နယ်တွင် ယခုနှစ်နွေရာသီအတွင်း ရေအခက်အခဲဖြစ်ပေါ်လာပါက အချိန်နှင့် တစ်ပြေးညီ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်စေရန်အတွက် စီမံဆောင်ရွက်ထားသည့်အပြင် ရေအခက်အခဲဖြစ်နိုင်သည့် ကျေးရွာစာရင်းများကိုလည်း ပြုစုထားကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရေရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေထားကာ ရေပြတ်လပ်မှုနှင့်ကြုံတွေ့လာပါက အချိန်မီ ဆက်သွယ်နိုင်ရန် ကျေးရွာများအား ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပေးထားပြီး အချိန်နှင့်တစ်ပြေးညီ ရေပေးဝေနိုင်ရေးအတွက် စီစဉ်ထားကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ပြောသည်။

"လက်ရှိအချိန်ကစပြီး ရေအခက်အခဲနဲ့ကြုံနေတဲ့ ရွာတွေကို ရေပေးဝေမှုတွေ စပေးနေပါပြီ။ ဒီနှစ်က အရင်နှစ်ထက်စာရင်တော့ ရေအခက်အခဲဖြစ်ပွားမှု သိပ်မများသေးဘူး၊ မနှစ်က ဒီချိန်ဆို ရေရှားနေပြီးပေါ့၊ ဒီလိုရေရှားပါးမှု ပြဿနာမကြုံတွေ့ရအောင်တော့ ကျွန်တော်တို့ဌာနရော၊ တခြားဌာနတွေရော၊ ကျေးရွာနေ ပြည်သူတွေရော ရေကန်အဟောင်းတွေ ပြန်လည်ပြုပြင်တာလည်းရှိတယ်၊ အသစ်ပြန်လည် တူးဖော်တာလည်း ရှိတာပေါ့၊ ရေပိုက်သွယ်တန်းပေးတာလည်းရှိတယ်၊ ရေရရှိနိုင်မယ့်နည်းလမ်းမျိုးစုံကို တတ်ညီလက်ညီအားလုံး စုပေါင်းလုပ်ဆောင်ထားတဲ့အတွက်ကြောင့်လို့ ဒီနှစ်က ရေရှားပါးမှုဒဏ်ကို ခံစားရဖို့ နည်းသွားပါမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိအချိန်တွင် မြို့နယ်ကျေးလက်ဦးစီးဌာနအနေဖြင့် ကျေးရွာ ၁၂ ရွာကို စက်ရေတွင်း လေးခု၊ မြေသားရေကန် ငါးခု၊ အုတ်ရေကန် တစ်ခု၊ အမြင့်ရေစင် နှစ်ခုတို့အပြင် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် ကျေးရွာ ၂၀ ကို စက်ရေတွင်း ၁၆ ခု၊ လက်တူးတွင်း တစ်ခု၊ မြေသားရေကန် လေးခု ဆောင်ရွက်ပေးခဲ့ပြီး ဒုတိယနှစ်စက်ဝန်းတွင် ကျေးရွာ ၁၄ ရွာကို စက်ရေတွင်း ၁၀ ခု၊ လက်တူးတွင်း တစ်ခု၊ မြေသားရေကန် နှစ်ခု၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း နှစ်ခု အပြင် ရေအလှူခက်ခဲစွာ သယ်ယူရသော အိမ်ခြေ ၅၀ ကိုလည်း အိမ်တိုင်ရာအရောက် ရေပိုက်သွယ်တန်းပေးထားပြီး လီတာ ၆၀၀၀ ဆံ့ ကားတစ်စီးနှင့် လီတာ ၁၀၀၀ ဆံ့ ကားတစ်စီးကိုလည်း ရေပေးဝေနိုင်ရန်အတွက် စီမံဆောင်ရွက်ထားရှိပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား ကော့မှူးမြို့နယ်တွင် ကျင်းပ

**ကော့မှူး မတ် ၁၁**

ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မတ် ၆ ရက်တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ဥမ္မာခိုင်က အဖွင့်အမှာစကားပြောကြားပြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူက အခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်နည်းပညာအကြံပေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးသန့်ဇော်ဝင်းက လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျား၊ မရေးရာ အခန်းကဏ္ဍနှင့် ကော့မှူးမြို့နယ်၏ စီမံကိန်းကာလအတွင်း လုပ်ဆောင်ခဲ့သော ကျား၊ မရေးရာ အောင်မြင်မှုများအား တင်ပြဆွေးနွေးခဲ့သည်။

အခမ်းအနားကို ကော့မှူးမြို့နယ်အတွင်း ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ NGO အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ကျေးရွာအသီးသီးမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်မှူး**

# ကဝမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူဦးကြီးများအတွက်

# After Sale Service လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ကဝ မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့ကျေးရွာရှိ အမှတ်(၃၄) စက်မှုလယ်ယာစခန်းတွင် မတ် ၁၁ ရက် နံနက် ၉ နာရီက စက်မှုလယ်ယာဦးစီးဌာနနှင့် Farmer Choice ကုမ္ပဏီတို့ ပူးပေါင်း၍ တောင်သူဦးကြီးများအတွက် ၁၀ ရာခိုင်နှုန်း ပထမအရစ်ပေးသွင်းခြင်းဖြင့် ရောင်းချပေးသော ထွန်စက်ကြီးများကို After Sale Service လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် စက်ပိုင်တောင်သူများအား စက်ကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများအနေဖြင့် လုပ်ငန်းရာသီချိန်၌ ကျေးရွာများအရောက် After Sale Service လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်(ခရိုင်ပြန်/ဆက်)**



# အလုပ်ခွင်အတွင်း စိတ်သဘောထားအမှန် ထားနိုင်ကြပါစေ

မနောဖြူလေး

> စိတ်သဘောထား အမှန်ရှိသူသည် မိမိလုပ်ဖော်ကိုင်ဖက်၊ မိမိ အလုပ်သမားများနှင့် တန်းတူရည်တူ နေထိုင်၊ သာတူညီမျှ ပူးပေါင်း ဆောင်ရွက် . . .

ယခုတစ်လော အလုပ်ခွင်အတော်များများတွင် ဖြစ်လေ့ဖြစ်ထရှိကြသည်မှာ လူတိုင်း စိတ်ထားအမှန် မထားနိုင်ကြသူများကို နေရာဒေသအတော်များများတွင် တွေ့ရှိနေရပါသည်။ ကုမ္ပဏီဝန်ထမ်း ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ဝန်ထမ်းများ သို့တည်းမဟုတ် ဌာနဆိုင်ရာနေရာများ၏ စိတ်သဘောထား အမှန်ဆိုသည်မှာ ကိုယ်လုပ်နေသော အလုပ်မည်မျှပင် ပင်ပန်းနေပါစေ၊ စိတ်ကုန်နေပါစေ၊ မည်သူတွေ မည်သို့ စိတ်ထားရှိနေပါစေ အလုပ်ခွင်များတွင် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်နိုင်ဖို့သာ အဓိက စိတ်သဘောထားအမှန်ပင် ဖြစ်ပါသည်။ လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအတော်များများသည် ငါတို့အတွက် ပြီးမှ သူတို့အတွက်ဆိုတဲ့ သဘောထားခံယူချက်ကို လက်ကိုင်ထားနေကြပါသည်။

**စိတ်ချမ်းသာမှုရှေးရှု**

အများအားဖြင့် သာသည့်နေရာ၊ သာသည့်လူဝန်းကျင်ဘက်ကိုသာ သူ့အုပ်စု ကိုယ့်အုပ်စုအနေဖြင့် သူများအတွက်ဆိုတာထက် ငါ့အတွက်ဆိုတာကိုပဲ ကြည့်တတ်ကြသူ အများရှိကြပါသည်။ လူတိုင်းသည် အလုပ် လုပ်ကြရာဝယ် အဓိကအရင်းခံက စိတ်ချမ်းသာမှုကိုသာ ရှေးရှုသင့်ပေသည်။ ငါတကောကောပြီး ငါသာဖို့အတွက် သူများကို ဖိနှိပ်ရမည်လို့ စိတ်ဓာတ်မပြည့်ဝသော စိတ်ထားများသည် နောင်အနာဂတ်တွင် ဘဝအတွက် ရေရှည်ရပ်တည်နိုင်ဖို့ လွယ်မည်မထင်ပေ။ လုပ်ငန်းခွင်များတွင် အဖွဲ့လိုက် အုပ်စုငယ်လေးများဖြင့် ဦးရာလူ နှိပ်ကွပ်စတမ်းဆိုတဲ့နှလုံး ထုံးမှုနေကြသူများရှိနေသရွေ့ လုပ်ငန်းအဖွဲ့အစည်းကြီးသည်လည်း အောင်မြင်ဖို့ လွယ်ကူမည်မဟုတ်သလို လူတွေရဲ့ လေးစားမှုသည်လည်း ယုတ်လျော့သွားပါလိမ့်မည်။

လုပ်ငန်းခွင်များတွင် စိတ်ပျော်ရွှင်စွာ အလုပ်လုပ်မှ လုပ်ငန်းအတွင်း လူအများ၏ စည်းလုံးညီညွတ်မှု၊ လုပ်ငန်းအောင်မြင်မှုသည်လည်း တစ်ဟုန်ထိုး ဖြစ်ပေါ်လာပေလိမ့်မည်။ လူအတော်များများတွင် နေရာ၊ ရာထူး၊ ဂုဏ်များ မက်မောနေကြသည်မှာ လွန်အံ့မထင်ပေ။ လူသားဆိုသည်မှာလည်း ပုထုဇဉ်ဖြစ်သည့်အလျောက် နေရာလေးလည်း လိုချင်သလို ရလာသောနေရာလေး မပျောက်ပျက်အောင် ကြိုးစားပြီး ထိန်းသိမ်းချင်ကြသည်မှာလည်း လူ့သဘာဝပင် ဖြစ်ပါသည်။ မိမိအနေဖြင့် မည်သည့်ရာထူး၊ မည်သည့်အဆင့်ကိုပဲ ရောက်နေရောက်နေ မိမိသည် ရိုးသားစွာဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန် အဆင့်မြင့်ရာထူးတစ်ခုသို့ ရောက်ရှိရန် မျှော်မှန်းနိုင်ကြသဖြင့် အခြေအနေတစ်ခု၏ ဘက်နှစ်ဖက်စလုံးကို ကြည့်တတ်မြင်တတ်အောင် ကြိုးပမ်းထားဖို့တော့ အထူးလိုအပ်လှပါသည်။ သူတစ်လူ ငါတစ်မင်းနဲ့ ကြီးနိုင်ငယ်ညှဉ်း၊ မနာလို ဝန်တိုစိတ်များပြီး သူများကို အပုပ်ချမှ ကိုယ်ဂုဏ်တက်မည်ထင်သူများလည်း လုပ်ငန်းခွင်တိုင်းတွင် ဒုနဲ့ဒေး ရှိနေပါသည်။ အလွန်အံ့ဩဖို့ကောင်းသည်မှာ အများလည်း ကြားဖူးကြမည် ထင်ပါသည်။ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ဆိုသော စကားများပင် ဖြစ်ပါသည်။ ကိုယ့်မျက်ချေး ကိုယ်မမြင်ဘဲနဲ့ သူများမျက်ချေး ဘယ်အပေါက်က ထွက်မလဲဘဲ ချောင်းမြောင်းနှိပ်ကွပ်ချင်သော စိတ်ဓာတ်အင်အား မပြည့်ဝသောသူများလည်း အနည်းနဲ့အများရှိနေပါသည်။

**သာတူညီမျှ ပူးပေါင်းဆောင်ရွက်**

ပြောင်းလဲလာသည့် ခေတ်ပြောင်း စနစ်ပြောင်းထဲတွင် ကိုယ်ပြောစကားအမှန် သူများအပုပ်ချမှ ကိုယ့်ဂုဏ်တက်မည်လို့ ထင်သူများလည်း ပြုပြင်ပြောင်းလဲရန် အလွန်လိုအပ်လှပါသည်။ အရေးကြီးဆုံးမှာ စိတ်သဘောထားအမှန်ရှိသူသည် မိမိလုပ်ဖော်ကိုင်ဖက်၊ မိမိ၏ အလုပ်သမားများနှင့် တန်းတူရည်တူ နေထိုင်တတ်ရမည်ဖြစ်ပြီး သာတူညီမျှ ပူးပေါင်းဆောင်ရွက်တတ်ရန် လိုပါသည်။ စိတ်သဘောထားအမှန်ဆိုသည်မှာ နှစ်မျိုးနှစ်စားရှိရာ ပထမအမျိုးအစားမှာ မိမိသည် စီမံခန့်ခွဲအုပ်ချုပ်သူများဘက်တွင် ရပ်တည်ပြီး ချမှတ်ထားသည့် မူဝါဒနှင့် ဆုံးဖြတ်ချက်များကို စီမံခန့်ခွဲအုပ်ချုပ်သူများ မြင်သည့်အမြင်အတိုင်း ကြည့်တတ်ရပါမည်။ ဒုတိယတစ်ခုမှာ မိမိသည် ဥပဒေအတိုင်း လိုက်နာလျှောက်လှမ်းတတ်သည့် ဝန်ထမ်းကောင်းတစ်ဦး ဧကန်အမှန်စင်စစ်ဖြစ်ဖို့အတွက် မိမိ၏အာရုံစူးစိုက်မှုများကို အစွမ်းကုန်နှစ်မြှုပ်ထားရပါမည်။

အလုပ်ခွင်အတွင်း မာန်စောင်နေခြင်း၊ သူ့ထက်ငါသာဖို့တစ်ခုတည်းအတွက် တစ်ဖက်သား၏ စိတ်နေစိတ်ဓာတ်ကိုပါ ရိုက်ချိုးပစ်သည့်အပြုအမူမျိုးကို ရှောင်ရှားသင့်ပါသည်။ သူများမကောင်းပြောမှ ထမင်းစားဝင်သည့် လူစားမျိုးများသည် မည်သို့သော နေရာ၊ မည်သို့သော အချိန်တိုင်းမှာ ထမင်းစားဝင်နိုင်မည် မဟုတ်ပေ။ အမြဲတမ်း ပူလောင်ခြင်းများဖြင့်သာ ပွတ်သိပ်နေပေလိမ့်မည်။ စိတ်ထားမှန်ကန်ဖို့ဆိုသည်မှာ ကိုယ့်အလုပ်ပစ်ပြီး သူများအလုပ်သွားရောက်လုပ်ကိုင်ပေးခြင်းကို မဆိုလိုပါ။ စိတ်သဘောထားအမှန်ကို တစ်ရက်တည်းအတွက် မကျင့်ကြံဘဲ ယင်းစိတ်ဓာတ်အတိုင်း အမြဲနေထိုင်ဖို့ အစွမ်းကုန်ကြိုးပမ်းရပါမည်။ အမြဲတမ်း ယင်းစိတ်ဓာတ်ကိန်းအောင်းနေဖို့ လိုပါမည်။ ခက်ခဲသည့်အခြေအနေများနှင့် စိတ်မသက်မသာ ဖြစ်ရသည့် အခါမျိုးတွေမှာလည်း အဆိုပါ စိတ်ထားကို မွေးမြူနိုင်ဖို့ ကြိုးပမ်းနေရပါမည်။

**ကိုယ်ချင်းစာတရားထား**

စိတ်ဓာတ်မှန်ကန်ဖို့ အရေးကြီးဆုံးမှာ တစ်ပါးသူကို ကျရှုံးသွားစေသည်မျိုး၊ သူတစ်ပါး၏ အားနည်းချက် ကို ဖိနှိပ်တာမျိုး၊ ရက်ရက်စက်စက် မထောက်မညှာ လုပ်ပစ်လိုက်သည်မျိုး၊ ချယ်လှယ်ချောက်တွန်းပစ်သည်မျိုး စသည့်-လူလူချင်း တုံးခုလှမ်းသည့်အလုပ်မျိုး လုံးဝမလုပ်မိစေဖို့ အထူးလိုအပ်လှပါသည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ သူတစ်ပါးကို ကိုယ်ချင်းစာတရားထားနိုင်ရမည်။ ကြင်နာတတ်သောစိတ်၊ စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် လုပ်တတ်သောစိတ်၊ ထိန်းထိန်းသိမ်းသိမ်း သည်းညည်းခံတတ်သောစိတ်၊ လူသားချင်းစာနာတတ်သောစိတ်ဓာတ်များလည်း ရှိထားရမည် ဖြစ်ပါသည်။ ကိုယ်ချင်းစာတရား လက်ကိုင်ထားမှသာ စိတ်သဘောထား အမှန်ကို ရရှိမည် ဖြစ်ပါသည်။ ခေါင်းဆောင်တွေမှာလည်း ခေါင်းဆောင်များအလျောက် တာဝန်ယူရဲသည့် စိတ်၊ သူတစ်ပါးကို အပြစ်ပုံမချသည့်စိတ်၊ တာဝန်ကို ခွဲဝေပေးနိုင်သည့်စိတ်များလည်း ရှိထားအပ်ပေသည်။

သင်သည်လည်း စိတ်သဘောထားအမှန်သာ ထားနိုင်ခဲ့လျှင် လူတော်ဖြစ်ရုံမကဘဲ လူတတ်တစ်ယောက်လည်း အမှန်တကယ်ဖြစ်လာပေလိမ့်မည်။ ကြင်နာသနားတတ်ရုံသာမက စောင့်စည်းထိန်းသိမ်းမှု လူ့ကျင့်ဝတ်များကိုလည်း နားလည် သိရှိထားရမည် ဖြစ်ပါသည်။ လက်အောက်ငယ်သားများအပေါ် ကြည့်ရှုထောက်ထားညှာတာတတ်ရုံမက အပေါ်အဆင့်ဆင့်ကိုလည်း အောင်အောင်မြင်မြင် တက်လှမ်းနိုင်ရန် စိတ်သဘောထားမှန်ရန်သာ လိုပါမည်။ ကိုယ့်ရဲ့စိတ်သဘောထား မမှန်ကန်ပါက ဘဝတစ်သက်တာလုံး တိုးတက်မှု မရှိဘဲ စိတ်ထားမပြည့်ဝသူအဖြစ်သာ ဖြတ်သန်းသွားရမည် ဖြစ်ပေသည်။ စိတ်ထားမှန်ကန်စွာ ထားရှိပါက မိမိရဲ့လုပ်ဖော်ကိုင်ဖက်များနဲ့ ပိုမို ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ စိတ်နှလုံးကြည်လင်ရွှင်ပျနေပြီး နှစ်လိုဖွယ် ဥပဓိရုပ်ကိုလည်း ထိန်းသိမ်းပိုင်ဆိုင်ထားနိုင်ခြင်း၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုအတွက် ပိုမိုလေ့လာခွင့်များ ရရှိလာနိုင်ခြင်း၊ လုပ်ငန်းမှာလည်း တွင်ကျယ်စေမည့် နည်းလမ်းများကို ရှာကြံနိုင်ခြင်း၊ အပေါင်းအသင်း ပိုမိုဝင်ဆံ့နိုင်ခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ လုပ်ငန်းလုပ်ဆောင်ရာမှာ စိတ်ထားထက်သန်မှုရှိခြင်းနှင့် လုပ်ငန်းအပေါ် စိတ်ဝင်စားမှုရှိခြင်းများ ပိုမိုဖြစ်ပေါ်လာမည်မှာ ဧကန်မုချပင် ဖြစ်ပါသည်။

တကယ်လို့သာ စိတ်သဘောထား မမှန်ကန်ဘဲ အများအပေါ် စိတ်ယုတ်ညံ့မှုသာ ထားရှိခဲ့လျှင်တော့ ယနေ့ မည်မျှပင် ရာထူးကြီးပြီး ပိုင်ဆိုင်မှုများစွာဖြင့် ဆယ်သက်စားမကုန်အောင် ချမ်းသာနေစေကာမူ နေ့တိုင်း အများသူငါနဲ့ သဟဇာတ မတည့်ခြင်း၊ စိုးရိမ်သောက ဗျာပါဒကြောက်ရွံ့တုန်လှုပ်မှုများစွာနှင့် အိပ်မပျော်သော ညပေါင်းများစွာကို ကြုံဆုံခံစားနေကြသူများသာ ဖြစ်ကြမည်ဖြစ်ပါသည်။ လောကရဲ့အလှကို ဖျက်ဆီးနေကြသူများထဲတွင် မိမိမပါဝင်မိစေရန် ရှောင်ရှားသင့်ပါကြောင်းနှင့် ဘဝကို စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ ဖြတ်သန်းနိုင်ကြစေဖို့ တို့အားလုံး စိတ်သဘောထား မှန်ကန်ကြပါစို့။

---

## ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁)ရပ်ကွက် အတွင်းရှိ ရေနုတ်မြောင်းများကို မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးနေအောင်ဦးစီး၍ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် မြောင်းများအတွင်းမှ သဲနုန်း၊ နွံချေး၊ အမှိုက်များကို မတ် ၁၁ ရက် နံနက် ၇ နာရီမှစတင်က တောင်ငူလမ်းနှင့် ပီမိုးနင်းလမ်းတစ်လျှောက် ဆယ်ယူရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**ဒ၂၉**



## ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့များသို့ အရေးပေါ်လူနာတင်ယာဉ်လှူဒါန်း

**ပြည် မတ် ၁၁**

ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များနှင့် ရှေးဟောင်းဒေသနေ ပြည်သူများအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်ရည်ရွယ်ကာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အရေးပေါ် လူနာတင်ယာဉ် လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၁ ရက် နံနက်ပိုင်းက ပြည်မြို့ရှိ သရေခေတ္တရာ ပျူမြို့ဟောင်း မှော်ဇာကျေးရွာ၌ ကျင်းပသည်။

ပြည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာခင်မိုးမိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး ဒေါ်စန္ဒာခင်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများတွင် နေထိုင်လျက်ရှိကြသော ပြည်သူများနှင့် ဒေသတွင်းသို့ လာရောက်ကြသောပြည်တွင်းပြည်ပ ခရီးသွားပြည်သူများအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်လူနာတင်ယာဉ်လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားကာ လူနာတင်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို သရေခေတ္တရာအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်နှင့်အဖွဲ့ဝင်များ၊ ပြည်မြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာခင်မိုးမိုးကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပျူမြို့ဟောင်းများထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ သုခမ္မ မဏိဇောတဓရ ဦးလှဝင်းနှင့်အဖွဲ့ဝင်များ၊ သရေခေတ္တရာ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် ပျူရှေးဟောင်းမြို့များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့တို့သို့ လူနာတင်ယာဉ် စုစုပေါင်း သုံးစီး (ကာလတန်ဖိုးကျပ်သိန်းပေါင်း နှစ်ထောင့်တစ်ရာခန့်)ကို လှူဒါန်းခဲ့ပြီး ၎င်းဒေသရှိ ကျေးရွာပေါင်း ၅၀ ခန့်အတွက်ရွေ့လျားဆေးခန်းသဖွယ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောဝေယံ**

# မြန်မာဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို မြို့နယ် ၂၇ မြို့နယ်မှ ကျေးရွာ ၁၁၀ တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၁**

နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းအား အများဆုံးတည်ရှိရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ၏ ဝင်ငွေနှင့် လူမှုဘဝများ သိသာစွာတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် တိုင်းဒေသကြီး ၁၀ ခု၏ မြို့နယ် ၂၇ မြို့နယ်မှ ကျေးရွာ ၁၁၀ တို့တွင် မြန်မာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းကို တက်ကြွသော ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာသူကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မတ် ၉ရက် ညနေပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ မြန်မာဆယ်မာအူးလ်အွန်ဒုံစီမံကိန်းဝင် ကျေးရွာများဖြစ်သော ကံသာ၊ သော်မောကုန်း၊ ကျွန်းကုန်းကျေးရွာများသို့ ရောက်ရှိကြပြီး ကျေးရွာလမ်းများ အဆင့်မြှင့်တင်နေမှု၊ သောက်သုံးရေဖြန့်ဝေပေးနေမှု၊ ကျေးရွာခန်းမတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝင်ငွေတိုးလုပ်ငန်းများဖြစ်သော တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးရာ သက်ဆိုင်ရာ ကျေးရွာခေါင်းဆောင်များက ရှင်းလင်းတင်ပြကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလိုအပ်သော ပျိုးပင်၊ မျိုးစေ့၊ နည်းပညာနှင့် အရင်းအနှီး လိုအပ်ချက်များကို မိမိတို့ ဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများက ကူညီပံ့ပိုးပေးနေကြသကဲ့သို့ မိမိတို့တစ်ဦးချင်းက ကိုယ့်ကိုယ်ကိုယ်အားကိုးယုံကြည်စိတ်ဖြင့် လုံ့လဝီရိယ စိုက်ထုတ်ပြီး စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများဖြင့် ကြိုးစားအားထုတ်ကြမှသာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းကို ခံစားကြရမည်ဖြစ်ကြောင်း၊ ယခုလုပ်ကိုင်ဆောင်ရွက်နေသော မြန်မာဆယ်မာအူးလ်အွန်ဒုံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိသေးသည့် ကျေးရွာသူ ကျေးရွာသားများကိုလည်း ပူးပေါင်းပါဝင်လာအောင် စည်းရုံးအားပေးပြီး မိသားစု တစ်ပိုင်တစ်နိုင် အသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့နှင့် ပေါင်းစပ်၍ စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာအပါအဝင် လိုအပ်သည့် အသေးစားကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ ဆောင်ရွက်ပေးမည်ဖြစ်ရာ ကြိုးစားသင်ယူပြီး အမှန်တကယ်ကြီးပွားအောင်မြင်သော စံပြကျေးရွာများအဖြစ် ဂုဏ်ဆောင်နိုင်ရေး ကြိုးပမ်းအားထုတ်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# အချိန်အခါမဟုတ်မိုးရွာခြင်း၊ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်၍ ကာလိမြို့တွင် နေအိမ်အချို့ပျက်စီးပြီး လူထိခိုက်ဒဏ်ရာရ



**ကာလိ မတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့၌ မိုးနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် မတ် ၁၀ ရက် ညနေ ၄ နာရီခွဲက ကာလိမြို့တွင်းရှိ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ရာ မြို့အုပ်ချုပ်ရေးမှူး၊ ကာလိနယ်မြေ စခန်းမှူး၊ နယ်မြေမီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျက်စီးသည့် နေအိမ်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကာလိမြို့ ရပ်ကွက်အတွင်းရှိ လူနေအိမ်များ အမိုးလန်ပျက်စီးခြင်း၊ တဲအိမ်ငယ်များပြိုလဲခြင်း၊ အုတ်တံတိုင်း ပြိုလဲပျက်စီးခြင်းဖြစ်ပွားခဲ့ပြီး အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရသဖြင့် ကွန်ဟိန်းမြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စက်ရေတွင်းတူးဖော်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**သဲကုန်း မတ် ၁၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ နွေရာသီ ရေရှားပါးပြတ်လပ်မှုလျော့ပါးစေရေးနှင့် သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ရေတွင်း ရေကန် ရေစက်ရုံများတည်ဆောက်သွယ်တန်းဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေး လုပ်ငန်းဖြစ်သည့် သစ်နီတောကျေးရွာအုပ်စု ဗောဓိကုန်းကျေးရွာတွင် ရေထွက် လေးလက်မ အချင်းရှိ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုကို မတ် ၉ ရက် နံနက်ပိုင်းက သဲကုန်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးကိုမောင်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# မီးသတ်(မွမ်းမံ)သင်တန်းဖွင့်

**ရန်ကုန် မတ် ၁၁**

မြန်မာ့သစ်လုပ်ငန်း (ဝါးတရာ) ရှိ အမှတ် (၃၊ ၄၊ ၆၊ ၉) သစ်စက်၊ ကော်စက်ရုံ၊ အမှတ် (၆၊ ၇၊ ၉) ပရိဘောဂစက်ရုံ၊ ကျွန်းသစ်ဆိပ်၊ သစ်မာ၊ သစ်ဆိပ်တို့၏ နွေရာသီမီးငြိမ်းသတ်ခြင်း (မွမ်းမံ) သင်တန်းဖွင့်ပွဲကို အမှတ်(၄) သစ်စက်၌ မတ်လဒုတိယပတ်က ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)မှ ဒုတိယအထွေထွေမန်နေဂျာ ဦးလွင်ဦးမောင်၊ ဝါးတရာစက်မှုဇုန်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှအေးဘ၊ ရွှေပြည်သာမီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦး၊ စက်ရုံမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မြန်မာနိုင်ငံတွင် ပထမဆုံးသော ၃၆၀ ဒီဂရီ VR 3D ပုံရိပ်နည်းပညာသုံး အလုပ်အကိုင်ပြပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၁**

အလုပ်အကိုင်ရှာဖွေသူများကိုယ်တိုင် ကုမ္ပဏီများ၏ ရုံးခန်းများသို့ ရောက်ရှိသွားသကဲ့သို့ခံစားရသည့် ၃၆၀ ဒီဂရီ 3D ပုံရိပ်ဗီဒီယိုများကိုကြည့်ရှု၍ အလုပ်လျှောက်ထားနိုင်သော Virtual Reality နည်းပညာသုံး အလုပ်အကိုင် ပြပွဲတစ်ခုကို မတ် ၁၀ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါအလုပ်အကိုင်ပြပွဲတွင် မြန်မာပြည်တွင်းရှိ နာမည်ရရှိပြီး လုပ်ငန်းများဖြစ်ကြသော Unilever၊ Heineken၊ CB Bank၊ အော်ရီဒူး၊ Metro၊ Wall Street English စသော လုပ်ငန်းများအပါအဝင် ကုမ္ပဏီပေါင်း ၄၀ ကျော်မှ လိုအပ်နေသော အလုပ်အကိုင်များကို ပြသခဲ့ကြပြီး အလုပ်အကိုင်ရှာဖွေနေသူများအနေဖြင့် ၎င်းတို့လျှောက်ထားလိုသောလုပ်ငန်းများကို ကိုယ်တိုင် သွားရောက်လေ့လာရသကဲ့သို့ ခံစားနိုင်စေမည့် VR နည်းပညာကို အသုံးပြုထားခြင်းဖြစ်ကြောင်းသိရသည်။

"ကောင်းမွန်တဲ့ လုပ်ငန်းခွင်တွေရှိခြင်းက ဝန်ထမ်းတွေကို လုပ်ငန်းခွင်မှာ ပျော်ရွှင်စေပြီး ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ကို မြင့်တက်လာစေပါတယ်။ ပျော်ရွှင်ဖွယ်ကောင်းတဲ့ လုပ်ငန်းခွင်၊ ကောင်းမွန်တဲ့ပတ်ဝန်းကျင်ရှိတဲ့ နေရာတွေမှာ အလုပ်လုပ်ကိုင်ရသူတွေဟာ လုပ်ငန်းခွင်မှာ နေရာမြဲကြပါတယ်။ ဒါကြောင့် လုပ်ငန်းခွင်အတွင်းမှာ ကောင်းမွန်စွာ လုပ်ကိုင်နိုင်ရေးနဲ့ စိတ်ဖိစီးမှုနည်းပါးစွာအလုပ်လုပ်ကိုင်နိုင်ရေး၊ ကျန်းမာရေးနဲ့သင့်လျော်တဲ့ လုပ်ငန်းခွင်ရှိရေးစတဲ့ အခြေအနေ တွေကို ပညာရှင်နဲ့ တတ်သိနားလည်သူတွေက ရွေးချယ် လုပ်ကိုင်လာကြတာကြောင့် ခုလို VR နည်းပညာသုံး အလုပ် အကိုင်ပြပွဲတစ်ခုကို ပြုလုပ်ရတာပါ" ဟု JobNet.com.mm မှ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ Matt De Luca က ပြောကြားခဲ့သည်။

အလုပ်အကိုင် လာရောက်လျှောက်ထားသူများသည် မြန်မာနိုင်ငံရှိ အာမခံချက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ် ကဏ္ဍတွင် အထူးကျွမ်းကျင်သော HR Manager များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အဆိုပါ VR နည်းပညာသုံး အလုပ်အကိုင်ပြပွဲအတွင်း သက်ဆိုင်ရာလုပ်ငန်းများအတွက် အင်တာဗျူးပြုလုပ်ရန် အခန်းငယ်များပြုလုပ်ထားရှိ၍ အလုပ်လျှောက်ထားသူများ၏ အရည်အချင်းကို နှစ်သက်ပါက ချက်ချင်းအင်တာဗျူးပြုလုပ်၍ အလုပ်အကိုင်များ ခန့်အပ်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် METRO Wholesale Myanmar မှ HR Director ကိုမင်းထက်အောင်က "ကျွန်တော်တို့လုပ်ငန်းက မြန်မာနိုင်ငံမှ ရေရှည်လုပ်ငန်းဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့လုပ်ငန်းမှာ တစိုက်မတ်မတ်ပါဝင် ဆောင်ရွက်သွားမယ့် ဝန်ထမ်းတွေကိုလည်း ခေါ်ယူနေပါတယ်။ METRO မှာတော့ ဝန်ထမ်းခန့်အပ်ရုံသက်သက်မဟုတ်ဘဲ ဒီဝန်ထမ်းအတွက် ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံမှာပါ သင်တန်းတွေပေးပြီး အတွေ့အကြုံရှိစေဖို့ လမ်းညွှန်ပြသပေးပါတယ်။ ဒါအပြင်အလုပ်အကိုင်လမ်းကြောင်းတစ်ခုကိုလည်း ဖန်တီးပေးပြီး ပြည်တွင်းက အလုပ်အကိုင် ရှာဖွေနေသူတွေကို ကျွန်တော်တို့ဆီက လုပ်ငန်းခွင်တွေမှာ သင့်တော်သလို ဆက်တိုက်ခန့်အပ်နေခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

၎င်းအလုပ်အကိုင်ပြပွဲတွင် များစွာသောဌာနခွဲများ၌ ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများကိုပြသသွားခဲ့ပြီး လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်ရသော အတွေ့အကြုံများကို လက်တွေ့သိရှိစေရန် VR နည်းပညာအသုံးပြုကာ လေ့လာနိုင်စေခဲ့ပြီး အလုပ်အကိုင်ရှာဖွေနေသူများအတွက်လည်း လက်ရှိလုပ်ငန်းဆောင်ရွက်နေသူများနှင့် ရင်းနှီးစွာဆွေးနွေးနိုင်ခဲ့ကြကာ ကုမ္ပဏီအစည်းအဝေးလုပ်သည့်ပုံစံ စသဖြင့် ကုမ္ပဏီ၏ လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ထဲထဲဝင်ဝင် လေ့လာနိုင်ခဲ့ကြကြောင်း သိရသည်။

**ဇာဏီ**

YOMA
STRATEGIC HOLDINGS LTD.

# CPCL

NEW HOLLAND
AGRICULTURE

"လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့"

## တောင်သူဦးကြီးများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း ...

တောင်သူဦးကြီးများအတွက် အစဉ်အမြဲ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသော CPCL မှ နယူးဟော်လန် ထွန်စက်ကြီးများကို ဖေဖော်ဝါရီလဆန်းမှ စတင်ပြီး ရိုးမဘဏ်နှင့် ချိတ်ဆက်၍ ၁၀% (သို့မဟုတ်) ၃၀% ကနဦးပေးသွင်း၍ ၅ နှစ်အရစ်ကျ စနစ်ဖြင့် အဆင်ပြေလွယ်ကူစွာဝယ်ယူအသုံးပြုနိုင်ပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

**၂ % အထူးလျှော့ဈေး ( မတ်လ ၃၁ ရက်နေ့အထိသာ )**

မြင်းကောင်ရေ ၇၅ ကောင်ရှိ TT75 နှင့် မြင်းကောင်ရေ ၉၀ ရှိ TD90 နယူးဟော်လန်ထွန်စက်များကို နီးစပ်ရာ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်းမှတဆင့် ရိုးမဘဏ်နှင့်ချိတ်ဆက်ပြီး စက်တန်ဖိုး ၏ ၁၀% လက်ငင်းပေးသွင်း၍ ( ၃) နှစ် ၇ ရစ်ဆပ်ဖြင့်လည်း အရစ်ကျဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ပါသည်။



အိန္ဒိယနိုင်ငံထုတ် TT45
မြင်းကောင်ရေ ၄၇

အိန္ဒိယနိုင်ငံထုတ် TT75
မြင်းကောင်ရေ ၇၅

အိန္ဒိယနိုင်ငံထုတ် TT4.75 & TT4.90
မြင်းကောင်ရေ ၇၅ နှင့် ၉၀

တူရကီနိုင်ငံထုတ် TD90 & TD95
မြင်းကောင်ရေ ၉၀ နှင့် ၉၈

မြန်မာနိုင်ငံ၏ Sugarcane Industry ကြံစိုက်ပျိုးရေးလုပ်ငန်းတိုးတက်ပြောင်းလဲစေနိုင်သော
CASE အမှတ်တံဆိပ် ကြံရိတ်သိမ်းခြွေလှေ့စက် ....CASE A8000



မက္ကစီကိုနိုင်ငံထုတ် TS6.140
မြင်းကောင်ရေ ၁၄၀

ဘရာဇီးနိုင်ငံထုတ် T7.180
မြင်းကောင်ရေ ၁၈၂

သီးနှံထွက်ကုန် အရည်အသွေးမြင့်မားစေသော
New Holland အမှတ်တံဆိပ် သီးနှံစုံရိတ်သိမ်းခြွေလှေ့စက်... TC5.30

- အကောင်းဆုံးအရည်အသွေး
- အကောင်းဆုံးဝန်ဆောင်မှုများ
- တစ်နှစ်အာမခံပေးထားခြင်း
- အပိုပစ္စည်းလွယ်ကူစွာရရှိနိုင်ခြင်း



### တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ

ရန်ကုန်ရုံးချုပ် ၊ အမှတ် (၁၁၅၉)၊ FMI ပဒေသာပင်မြို့တော် ဂိတ်(၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ် ဖုန်း - ၀၁-၆၈၇၀၀၂-၃ ၊
မန္တလေး - ၀၉၄၃၀၁၄၄၅၂/ နေပြည်တော် - ၀၉၄၄၈၅၄၁၄၅၈ / ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇၊/ တောင်ကြီး - ၀၉၄၅၇၄၅၅၄၀၉/
နောင်ချို - ၀၉၄၅၇၄၅၅၄၀၈/ ပခုက္ကူ - ၀၉၄၅၇၄၅၅၄၁၀/ ရွှေဘို - ၀၉၉၆၁၄၇၃၉၄၃/ လှိုင်ကော် - ၀၉၇၆၉၂၀၅၂၈၂/ ပြည် - ၀၉ ၇၈၃၃၈၈၀၅၇/
မကွေး - ၀၉၇၆၁၀၉၅၀၂၄/ ဟသာတ - ၀၉၄၅၃၂၃၅၈၈၀/ မအူပင် - ၀၉၇၇၃၈၂၆၅၇၉/ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀/ ကလေး - ၀၉၉၅၀၉၃၆၀၁၅။

**The Legend continues...New Branches now open...Coming soon...Planned Maintenance up to 18 months !!**


HONDA | NCX
LET'S CELEBRATE!
NEW HONDA WAVE
2018 MODEL
NEW WAVE 100
REGION'S BEST SELLING
BEST SELLING IN THE REGION
20 YEARS
20 YEARS ANNIVERSARY
NUMBER ONE IN MYANMAR
2017 MYANMAR BEST SELLING
THE MOST POPULAR
40 MILLION UNITS SOLD
START FROM
1,150,000 KYATS | CALL NOW 01218521
GL-AMMK
SUPPORTING CENTURY FINANCE
မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ Honda NCX အရောင်းပြခန်းတွေမှာ
ယခုပဲမှန်မှန်ကန်ကန် ရွေးချယ်လိုက်ကြပါစို့။
NCX MYANMAR CO., LTD.
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊
ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၂၁၈၅၂၁
NCX MYANMAR ဆိုင်ခွဲ • ရန်ကုန်
• မန္တလေး ဖုန်း - ၀၉ ၄၀၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂၆၂၉၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - ၀၄၂-၂၄၂၃၄ • မုံရွာ ဖုန်း - ၀၇၁-၂၈၂၆၅
• မြိတ် ဖုန်း - ၀၅၉-၄၂၄၉၁ • တောင်ငူ ဖုန်း - ၀၅၄-၂၄၇၆၇ • မကွေး ဖုန်း - (၀၆၃) ၂၅၈၆၉
MOBILE SERVICE
HONDA | NCX
HONDA
NCX MYANMAR CO.,LTD.
SERVICE

## Rising Tide Travel & Tours

| | | | |
|---|---|---|---|
| ဘန်ကောက် - ပတ္တရား | (၄ည/၅ရက်) | Apr 13 to 17 | USD 585 |
| စင်္ကာပူ | (၄ည/၅ရက်) | Apr 12 to 16 | USD 895 |
| ကိုရီးယား(ဆိုးလ်-နာမီ) | (၅ည/၆ရက်) | Apr 13 to 18 | USD 1350 |
| ဥရောပ(၆)နိုင်ငံ | (၁၂ည/၁၃ရက်) | Apr 10 to 22 | USD 3490 |
| အမေရိက | (၁၂ည/၁၃ရက်) | Apr 10 to 22 | USD 3750 |
| ဩစတြေးလျ | (၆ည/၇ရက်) | Apr 13 to 19 | USD 2950 |

No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.
09 254 757 722, 09 312 500 70, 09 452 122 277
Hotline 09798335531, 09798335532
sales@risingtidetravels.com

## Star Zone Travels & Tours

မြန်မာ့နှစ်သစ်ကူး သင်္ကြန်တွင်း ပြည်ပအထူးခရီးစဉ်များ

| | | |
|---|---|---|
| အမေရိကား ခရီးစဉ် (East+West) | ၁၄ည/၁၅ရက် | 8 Apr |
| ဂျပန် ခရီးစဉ် (တိုကျို-ဖူဂျီတောင်-အိုဆာကာ) | ၇ည/၈ရက် | 12 Apr |
| ကိုရီးယား ခရီးစဉ် (ဆိုးလ်-ဂျယ်ဂျူး) | ၆ည/၇ရက် | 15 Apr |
| ထိုင်ဝမ် ခရီးစဉ် | ၇ည/၈ရက် | 13 Apr |
